# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 26 October 2021 ၁၀၅၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

# ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကောင်းမွန်မည် မိမိတို့နိုင်ငံတွင် ပညာတတ်များပေါ်များစေရေး ပညာရေးမြှင့်တင်မှုကို ဦးစားပေး တွန်းအားပေးဆောင်ရွက်

## စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုး ပြောင်းလဲမှုမရှိဘဲ ခိုင်မာအောင် လုပ်ဆောင်

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁) ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


### ကြေးမုံ ယနေ့ ဖတ်စရာ

**စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ပါစေ**


စာ » ၆


**Online မှ e-Visa (Business) ရယူထားသူများအနေဖြင့် Online ဖြင့် e-Stay Extension နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးမည်**


စာ » ၇




**လူငယ်နှင့် ဘဝအောင်မြင်ရေး**


စာ » ၂၀၊ ၂၁

# ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ သာယာဝပြောမှုဖြည့်ဆည်း

"မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်နှင့် မူဝါဒများကို အခိုင်အမာယုံကြည်ပြီး မိမိတို့လူသားများအားလုံးအတွက် ကျန်းမာချမ်းသာကြွယ်ဝ၍ တိုးတက်ရှင်သန်သော ကမ္ဘာကြီးတစ်ခုတည်ဆောက်နိုင်ရေးအတွက် ကုလသမဂ္ဂ၏အပြုသဘောဆောင် ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုအပ်ပါသည်" ဟု (၇၆) နှစ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့လူသားများ၏လိုအပ်ချက်များကို အမှန်တကယ် ထင်ဟပ်စေသည့် အဖွဲ့အစည်းသည် ကုလသမဂ္ဂအဖွဲ့အစည်းကြီးဖြစ်ပြီး မိမိတို့ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံများမှ လူသားများငြိမ်းချမ်းသာယာဝပြောရေးနှင့် ပေါင်းစည်းညီညွတ်ရေးကို ဖော်ဆောင်သည့်အဖွဲ့အစည်းသည် အာဆီယံအဖွဲ့ကြီးဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့်သာမက အာဆီယံအဖွဲ့ကြီးနှင့်ပါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ပြည်သူများအားလုံးနှင့် တန်းတူညီမျှဆက်ဆံနိုင်ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲ၍ အပြုသဘောဆောင်သည့် ကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဟု ကတိကဝတ်ပြုထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအရ မြန်မာနိုင်ငံအပေါ် မည်သို့ပင်ဖိအားပေးသော်လည်း မြန်မာနိုင်ငံနှင့် နီးနီးကပ်ကပ်ဆက်ဆံလျက်ရှိသော အာဆီယံအဖွဲ့နှင့်ပတ်သက်၍ နိုင်ငံတော်တာဝန်အား စတင်တာဝန်ယူသည့်ကာလမှစ၍ ချမှတ်ထားပြီး အာဆီယံခေါင်းဆောင်များအစည်းအဝေး၌လည်း ရှင်းလင်းတင်ပြခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတိုင်း ခိုင်မာတိကျစွာဆောင်ရွက်သွားမည်ဖြစ်သည်။ အာဆီယံ၏သဘောတူညီချက် (၅) ရပ်အတိုင်း လုပ်ငန်းစဉ်များအား အတတ်နိုင်ဆုံးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ "နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းလျက်ရှိသည့် နိုင်ငံခြားရေးမူဝါဒအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်လျက်ရှိသည်။ ပွင့်လင်းမှုရှိပြီး အားလုံးပါဝင်နိုင်သည့်နည်းလမ်းဖြင့် စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် စုပေါင်းအင်အားရယူနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးသည် မိမိတို့အားလုံးအတွက် မျှော်လင့်ချက်သင်္ကေတဖြစ်သည်။ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီမျှမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု မူဝါဒများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် အတိအလင်းထည့်သွင်းထားသည်။

အာဆီယံ၏ ပဋိညာဉ်စာတမ်းတွင် တစ်ခုတည်းသောအမြင်၊ တစ်ခုတည်းသောအသွင်လက္ခဏာ၊ တစ်ခုတည်းသော ကောင်းတူဆိုးဖက် "အသိုက်အဝန်း" ဟူသည့် သဘောထားရည်မှန်းချက်နှင့် စည်းလုံးညီညွတ်မှု၊ တူညီသောဆန္ဒနှင့် စုပေါင်းစိတ်ဆုံးဖြတ်မှုတို့ဖြင့် ပေါင်းစည်းကြမှုဟူသည့် အချက်တစ်ခုပါသည်။ အာဆီယံအခြေခံမူတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများအား လေးစားလိုက်နာခြင်းဟူသည့်အချက်ပါဝင်သည်။ ထို့အပြင် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှုမရှိခြင်း၊ ပြည်ပမှဝင်ရောက်စွက်ဖက်မှု၊ ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေးတည်ရှိမှုဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတိုင်း၏အခွင့်အရေးကို လေးစားခြင်းဟူသောအချက်များလည်း ပါဝင်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာဆက်ဆံရေးကျင့်ထုံးများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အာဆီယံအဖွဲ့ကြီး၏ ပဋိညာဉ်များနှင့် အခြေခံမူများဖြစ်သည့် တန်းတူညီမျှမှု၊ ငြိမ်းချမ်းသာယာဝပြောမှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု စသည့်ကောင်းမြတ်သောအစဉ်အလာများကို မြန်မာနိုင်ငံအနေဖြင့် လေးစားလိုက်နာသွားမည်ဖြစ်ပြီး အခြားရပိုင်ခွင့်များကိုလည်း ကာကွယ်စောင့်ရှောက်ထိန်းသိမ်းသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် အာဆီယံအဖွဲ့ကြီးသည် မွန်မြတ်ကောင်းမွန်သောနည်းနာများဖြင့် နိုင်ငံများအားလုံး၏အကျိုးစီးပွားကို တန်းတူညီမျှဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်နှင့်အညီ မြန်မာနိုင်ငံအနေဖြင့် ထားရှိသောကတိကဝတ်များနှင့် ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများကို နိုင်ငံ၏အချုပ်အခြာအာဏာနှင့် အဓိကကျသော အမျိုးသားအကျိုးစီးပွား မူဘောင်အတွင်းမှ ငြိမ်းချမ်းမှု၊ တရားမျှတမှု၊ သာယာဝပြောမှုတို့ကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၅/၂၀၂၀ (မန္တလေး)၊ ၁၀ / ၂၀၂၀ (မွန်)၊ ၁/ ၂၀၂၁ (ရန်ကုန်)၊ ၂ / ၂၀၂၁ (ရန်ကုန်) နှင့် ၃ / ၂၀၂၁ (မန္တလေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၄ /၂၀၂၀ (ရောဝတီ)၊ ၅ / ၂၀၂၀ (ရောဝတီ) နှင့် ၇ /၂၀၂၀ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■

## ပုဂံခေတ် အမျိုးသား အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ပြန်လည် ဖော်ထုတ်သည့်အနေဖြင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို အများပြည်သူများနှင့် မျိုးဆက်သစ်လူငယ်များ ပိုမိုအလေးထားလေ့လာမှတ်သားနိုင်စေရန် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **ပုဂံခေတ် အမျိုးသား အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုပုံများဖြင့်** အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် ၂၀၀ ကျပ်တန် နှစ်မျိုးအား **အောက်တိုဘာ ၂၇ ရက်** နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိစာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။







အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် အောက်တိုဘာလ ၂၇ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်သည်။

ဆက်လက်၍လည်း အင်းဝခေတ် မြန်မာအမျိုးသားများနှင့် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများကို ထုတ်ဝေရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၁၀ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၃၅၂ | ၃,၀၉၇,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၃၀၀ | ၆၂၃ | ၂,၀၁၃,၇၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၃ | ၈,၈၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၇၀၉ | ၃,၅၄၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၉၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၂.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၄.၃၄၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၃၃.၇၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၈၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၈.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၃.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၄.၁၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**❍ စားရေရိက္ခာထုတ်လုပ်သူများသည် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိ ပြည်ပ ပို့ကုန်များတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပဝင်ငွေအများဆုံး ရရှိနေခြင်းဖြစ်**

**❍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန်လို**

**❍ ကျေးလက်နေပြည်သူများ ဘဝတိုးတက်စေရေးအတွက် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ**

**❍ ၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်း အစီရင်ခံစာများအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ များစွာရှိ၊ အဆိုပါစာရင်းတွင် ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိ**

**❍ အလားတူ ၂၅ နှစ်အထက်လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းရှိပြီး အလယ်တန်းအထိ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိသဖြင့် ခုနစ်သန်းကျော်ခန့်သာ အထက်တန်းပညာ သင်ကြားမှုရှိ**

**❍ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရ၊ ပညာရေးကို ဦးစားပေးဆောင်ရွက်ရန်လို၊ "အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်"ဖြစ်၊ လူငယ်များအား ကိုယ့်ခြေလှမ်းပေါ်တွင် ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရမည်**

❐ ရှေ့ဖုံးမှ

ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာ ဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မည်သည့်နိုင်ငံတွင်မဆို ချမှတ်ထားသည့် နိုင်ငံရေးဆိုင်ရာမူဝါဒများအား အစိုးရများက အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် သာယာဝပြောသည့်နိုင်ငံ၊ စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ရန်လိုပြီး မိမိတို့အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေရခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည်ဆိုပါက စားရေရိက္ခာများ ပေါများမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်သည့် အခြေခံစွမ်းအားစုများ မိမိတို့ပြည်တွင်း၌ အားလုံးရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စားရေရိက္ခာပေါများရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာထုတ်လုပ်သူများသည် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ ပြည်ပပို့ကုန်များတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပဝင်ငွေအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း။

ထိုသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသူများသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေး အတွက် ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ဘဝတိုးတက်စေရေးအတွက် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများအရ ကျေးလက်ဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားရေးမြှင့်တင်ရေး၊ ပြည်နယ်များဖွံ့ဖြိုးရေးတို့အတွက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း။

၂၀၁၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် သန်းခေါင်စာရင်း အစီရင်ခံစာများအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ များစွာရှိကြောင်း၊ အဆိုပါစာရင်းတွင် ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ အလားတူ ၂၅ နှစ်အထက်လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းရှိပြီး အလယ်တန်းအထိ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိသဖြင့် ခုနစ်သန်းကျော်ခန့်သာ အထက်တန်းပညာ သင်ကြားမှုရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ **"အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်"** ဖြစ်ကြောင်း၊ လူငယ်များအား ကိုယ့်ခြေလှမ်းပေါ်တွင် ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာသင်ကြားရေးအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းအရ နိုင်ငံတစ်ဝန်း ကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ကယားပြည်နယ်တွင် ၉ ဒသမ ၇ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၂၃ ရာခိုင်နှုန်းရှိသဖြင့် အဆိုပါပြည်နယ် ငါးခုသည် ပြည်ထောင်စု၏ ပျမ်းမျှနှုန်းထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း၊ စာရင်းများအရ မြို့ပြ၌ လူ ၁၀၀ တွင် ငါးဦး၊ ကျေးလက်နေ လူ ၁၀၀ တွင် ကိုးဦးသည် ကျောင်းတက်ရောက်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ လူဦးရေနှင့်အသက် အပိုင်းအခြားအရ ငါးနှစ်မှ ကိုးနှစ်အတွင်း ၉၂ ရာခိုင်နှုန်း ကျောင်းနေသည်ကို တွေ့ရှိရသော်လည်း ၁၀ နှစ်မှ ၁၅ နှစ်အရွယ်တွင် မူလတန်းလွန်မှ အလယ်တန်းအဆင့် ၇၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ၁၆ နှစ်မှ ၂၉ နှစ်အထိ ပညာသင်ကြားသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ အသက်အပိုင်းအခြားအရ မူလတန်းပညာသင်ကြားသည့်အရွယ်များသော်လည်း အလယ်တန်းပညာမှ အဆင့်မြင့်ပညာအထိ သင်ကြားသူများ နည်းပါးသွားကြောင်း၊ ထိုသို့ နည်းပါးသွားခြင်းတွင် ပညာသင်ကြားရန်အတွက် ငွေကြေးမတတ်နိုင်သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ မိဘအလုပ်အား ကူညီနေရသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဝင်ရောက်ကူညီပေးရသူ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါကိစ္စရပ်များကို အစိုးရအနေဖြင့် ဝင်ရောက်ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန် လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်လျက်ရှိသော်လည်း စိုက်ပျိုးရေးတက္ကသိုလ် တစ်ခု၊ မွေးမြူရေးနှင့် ကုသရေး ဆေးတက္ကသိုလ် တစ်ခုသာရှိကြောင်း၊ အချို့ပြည်နယ်နှင့် တိုင်းများတွင်လည်း စိုက်ပျိုးရေးသိပ္ပံများရှိသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ပြည့်စုံအောင် မဖွင့်လှစ်နိုင်သေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက် စိုက်ပျိုးမွေးမြူရေးသိပ္ပံများ ဖွင့်လှစ်ခြင်း၊ ထိုမှတစ်ဆင့် ကောလိပ်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိက လိုအပ်ချက်များရှိသည့် နေရာများတွင် တက္ကသိုလ်အဆင့်အထိ ဆက်လက် တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေးနိုင်ငံဖြစ်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အဆိုပါကိစ္စရပ်များအား အထိုက်အလျောက် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ မြေဩဇာအသုံးပြုရာတွင်လည်း သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများ လိုအပ်ကြောင်း၊ အထွက်နှုန်းတိုးစေရန်အတွက် ကျန်းမာရေးရှုထောင့်က လက်ခံထားသည့် ဓာတ်မြေဩဇာများကိုလည်း အသုံးပြုနိုင်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့်မြေဩဇာများရရှိစေရေးအတွက် သဘာဝဓာတ်မြေဩဇာများဖြစ်သည့် Bio Fertilizers များ၊ သစ်ဆွေးမြေဩဇာများ၊ နွားချေးဝက်ချေး မြေဩဇာများနှင့် အီးအမ်ဘိုကာရှီမြေဩဇာများသည် ပြည်တွင်း၌ရရှိနိုင်သည့် နည်းလမ်းဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျောင်မွေးသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူရန် လိုအပ်ကြောင်း၊ မိရိုးဖလာမွေးမြူရေးစနစ်များဖြင့် ရောင့်ရဲမနေဘဲ တိုးတက်အောင် နည်းပညာအရ ဖောက်ထွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ စနစ်တကျမွေးမြူနိုင်ရန်အတွက် အစိုးရအနေဖြင့် တိုက်တွန်းပေးခြင်း၊ ကူညီပေးခြင်း၊ ဆွဲတင်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းတိုး၍ ပြည်ပဝင်ငွေများ တိုးတက်လာပြီး သာယာဝပြောသည့် နိုင်ငံတည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတွင်း ဓာတ်မြေဩဇာ လိုအပ်ချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် **"ပြည်တွင်းမှာ ဓာတ်မြေဩဇာစက်ရုံ ငါးရုံရှိတယ်။ ဒီ ငါးရုံထဲက နှစ်ရုံက လောလောဆယ်တော့ နည်းပညာအရ အိုဟောင်းတော့ သက်တမ်းသိပ်ကြာသွားတော့ မလုပ်နိုင်တော့ဘူး။ ကျန်တဲ့ သုံးရုံနဲ့ ထုတ်နေကြတယ်။ မြေဩဇာကို ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် သုံးရုံရှိတယ်။ ကျော်စွာလည်း ဓာတ်ငွေ့ပြဿနာကြောင့် ရပ်ထားရတယ်။ ထုတ်ဖို့ကြိုးစားနေပါတယ်။ ဒါတောင်မှ အဲဒီစက်ရုံပါပြီးတော့မှ ထုတ်မယ်ဆိုရင် တစ်နှစ်မှ စွမ်းအားပြည့်လည်ရင် သုံးသိန်းလောက်ပဲ ထုတ်နိုင်တယ်။ ကျော်စွာစက်ရုံ အပါအဝင် ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် သုံးရုံ ကျွန်တော်တို့ဆီမှာ စောစောကပြောတဲ့ မိုးစပါး ၁၅ သန်း၊ နွေစပါး သုံးသန်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတွေ စိုက်တာတွေရှိသေးတယ်။ အများကြီးပဲ။ ဥပမာအားဖြင့် စာရင်းတောင်းကြည့်တာ ဧရာဝတီမြစ်ဝှမ်းနဲ့ ချင်းတွင်းမြစ်ဝှမ်းမှာ စိုက်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဘယ်လောက်ရှိလဲ မေးကြည့်တဲ့ အခါကျတော့ ဧရာဝတီမြစ်ဝှမ်းနဲ့ ချင်းတွင်းမြစ်ဝှမ်းမှာ မိုးစပါးစိုက်ဧက ၁၀ သန်းနဲ့ ကိုးသိန်း ရှိတယ်။ ၁၁ သန်းထားပါတော့။ နွေစပါး နှစ်သန်းကျော်ရှိတယ်။ အစေ့ထုတ်ပြောင်းက လေးသိန်းကျော်ရှိတယ်။ ပဲမျိုးစုံ ကိုးသန်းရှိတယ်။ ဆီထွက်သီးနှံပေါင်း ခြောက်သန်း ကျော်ရှိတယ်။ စက်မှုသီးနှံ ရှစ်သိန်းကျော်ရှိတယ်။ အားလုံးပေါင်း သန်း ၃၀ လောက် ဧရာဝတီမြစ်ဝှမ်းနဲ့ ချင်းတွင်းမြစ်ဝှမ်းမှာ စိုက်နေတဲ့ သီးနှံတွေရှိတယ်။ ဒီဟာတွေကို ကျွန်တော်တို့က မြေဩဇာပေးမယ်ဆိုရင် တစ်ဧကကို တစ်အိတ်နှုန်းပဲ ကြည့်ဦး နည်းတာမဟုတ်ဘူး။ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ပြည်ပကသွင်းတဲ့ မြေဩဇာတွေ ကြည့်ပါ။ ယူရီးယားနဲ့ ကွန်ပေါင်းနှစ်မျိုးတည်းကို တစ်နှစ်ကို တန်ချိန် တစ်သန်းခွဲလောက် သွင်းရတယ်။ ဒေါ်လာသန်းပေါင်း ၂၈၀ လောက်ကုန်တယ်။ ဒါပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်က ဈေး။ ဒီနှစ်ဈေးနဲ့ဆို မရဘူး။ နှစ်ဆလောက် တက်သွားမယ်။ ၂၈၀ ဆို ၅၆၀ လောက် ဖြစ်သွားမယ်။ စောစောကပြောတဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ နိုင်ငံပိုင်စက်ရုံ သုံးရုံက သုံးသိန်းပဲ ထုတ်နိုင်တယ်ဆိုတော့ ပြည်ပကသွင်းတာ တစ်သန်းခွဲလောက် သွင်းနေရတယ်။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ ဓာတ်မြေဩဇာတွေ လိုအပ်ချက်ရှိနေတယ်။ ဓာတ်မြေဩဇာကတော့ ဂက်စ်ကို အခြေခံပြီး ထုတ်ပါတယ်။ ယူရီးယားဓာတ်မြေဩဇာ၊ ဓာတ်မြေဩဇာစက်ရုံတွေ ဆောက်ဖို့လိုပါတယ်"**ဟု ပြောကြားသည်။

မြစ်ချောင်းများအနီး စိုက်ပျိုးရေးလုပ်ငန်းများတွင် ရာသီမရွေးစိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေများ လုံလောက်စွာရရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အကျိုးရှိစွာအသုံးချခြင်းမပြုနိုင်ဘဲ ပင်လယ်အတွင်းသို့ စီးဝင်သွားသည်ကို ပညာရှင်များက ထောက်ပြထားကြောင်း၊ အဆိုပါရေများအား မိမိတို့အနေဖြင့် အကျိုးရှိစွာ အသုံးချရန်လိုအပ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ရေချိုရှားပါးမှုပြဿနာများရှိကြောင်း၊ ဆည်ရေများကိုလည်း ချွေတာသည့်စနစ်နှင့် လုံလောက်အောင်သုံးသည့်စနစ်တို့ ပေါင်းစပ်ပြီး စိုက်ပျိုးရေးစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်ရန် လိုကြောင်း။

**စာမျက်နှာ ၄ သို့** ❐

❒ စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံတွင် ကမ်းလွန်နှင့် ကုန်းတွင်း သဘာဝဓာတ်ငွေ့များ ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သဘာဝဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ အသုံးချရန်လိုကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ရရှိသောအခြေအနေပေါ်မူတည်၍ Small Scale, Median Scale များကို ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**စွမ်းအင်မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ**

ပြည်တွင်း ကုန်ထုတ်လုပ်မှုများအတွက် ဆောင်ရွက်လျက်ရှိသည့် စက်ရုံများတွင် ဓာတ်ငွေ့များ လိုအပ်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့အား ပြည်တွင်း၌ လုံလောက်စွာ အသုံးချနိုင်ရေး စွမ်းအင်မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူကျောက်မီးသွေးများကိုလည်း စနစ်တကျအသုံးချ၍ စက်ရုံများတွင် လိုအပ်သည့် စွမ်းအင်များထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အဆင့်မီသည့် အုတ်များထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန် လိုကြောင်း။

ပြည်တွင်း၌ ဘိလပ်မြေနှင့် သံချောင်းများ လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် “ဘိလပ်မြေစက်ရုံ ပုဂ္ဂလိကပိုင် ၁၆ ရုံ၊ နိုင်ငံပိုင် သုံးရုံ အားလုံးပေါင်း ၁၉ ရုံရှိတယ်။ သူ့ရဲ့ထုတ်လုပ်နိုင်တဲ့ စက်စွမ်းအားပြည့်ထုတ်မယ်ဆိုရင် ၁၆ သန်းနဲ့ ၁၇၀၀၀၀ ထုတ်နိုင်တယ်။ တချို့က Dry Process ပေါ့။ တချို့ကလည်း Wet Process နဲ့လုပ်တယ်။ အစိုနည်း၊ အခြောက်နည်းပေါ့။ တကယ်ကတော့ အခြောက်နည်းကတော့ မြန်မာဘက်မှာတော့ အကောင်းဆုံးနည်းလမ်းပါ။ ဘိလပ်မြေစက်ရုံများကိုလည်း Dry Method ကို ပြောင်းကြပါ။ ဒီအတွက်နိုင်ငံတော်ကနေပြီးတော့ ငွေချေးပေးမယ်။ ကျွန်တော်နိုင်ငံခြားငွေ ချေးပေးနိုင်ပါတယ်။ ကျွန်တော်ပြည်ပကနေဝယ်ဖို့အတွက် လိုတဲ့ပိုက်ဆံ ကျွန်တော်တို့ချေးပေးလို့ရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ဆောင်ရွက်မယ်ဆိုရင် လုပ်ပေးလို့ရတယ်။ ပြည်တွင်း ဘိလပ်မြေလုပ်ငန်း အားပေးရမယ်။ ၁၆ သန်းထုတ်နိုင်တယ်။ အခုကျွန်တော်တို့ စာရင်းကောက်ကြည့်တဲ့အခါမှာ ၁၀ သန်းကနေ ၁၁ သန်းလောက် သုံးနေပါတယ်။ ဆိုလိုတာက လုံလောက်မှုရှိတယ်။ ပြည်ပကဘာမှ ဘိလပ်မြေသွင်းစရာအကြောင်းမရှိဘူး။ သွင်းတဲ့ဘိလပ်မြေ ဘာလို့သွင်းတာလဲမေးကြည့်တော့ Quality ကောင်းလို့တဲ့။ အဲတာဆို ကိုယ့်ဆီက ဘိလပ်မြေတွေ Quality ကောင်းအောင်လုပ်ရမယ်။ Standard တစ်ခု ပေးရမှာပေါ့။ EU ရဲ့ Standard ဘယ်လောက်လဲ။ UK ရဲ့ Standard ဘယ်လောက်ရှိလဲ။ အမေရိကန် Standard ဘယ်လောက်နဲ့ ညီရမယ်၊ တရုတ် Standard နဲ့ဘယ်လောက် ညီရမယ်၊ ဂျပန် Standard နဲ့ဘယ်လောက်ညီရမယ်။ ဒီ Standard ကိုကျွန်တော်တို့ရဖို့ ဒီစက်ရုံတွေ လုပ်ကိုလုပ်ရမယ်။ မလုပ်ရင် အဲဒီစက်ရုံ ပိတ်မယ်။ ဒီလိုသွားမှရမှာပေါ့။

> ❖ **သံမဏိ စက်ရုံတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်လိုက်လံအားပေးနေပါတယ်။ ကျွန်တော်တို့က သံချောင်းအသေးလေးတွေနဲ့ ကျေနပ်နေလို့မရဘူး။ ငါးမူးလုံးတို့။ တစ်ကျပ်လုံးတို့။ ဒီလိုကနေပြီးတော့ မျိုးစုံသွားရမှာပေါ့ H Beam တို့၊ I Beam တို့ ထုတ်နိုင်တဲ့အဆင့်တို့၊ တံတားဆောက်နိုင်တဲ့ဟာမျိုး ဒီလိုလေးတွေ ကျွန်တော်တို့သွားရမှာ။ မလုပ်လို့မရဘူး။ ပြည်တွင်းမှာလည်း ကုန်ကြမ်းတွေရှိရဲ့သားနဲ့ ကိုယ်ကမလုပ်ဘူး။ ပြည်ပကနေပဲအကုန်ထိုင်ပြီးသွင်းနေလို့ရှိရင် ဒီတိုင်းပြည် မွဲဖို့ပဲရှိတယ်။**
>
> ❖ **ဒါကြောင့် ဘိလပ်မြေနဲ့ပတ်သက်တာ ပြည်တွင်းမှာ လုံလောက်စွာထုတ်ဖို့ လုပ်ဆောင်နေပါတယ်။ ဓာတ်မြေဩဇာနဲ့ပတ်သက်လို့ရှိရင် စက်ရုံအသစ်လုပ်ချင်တဲ့သူတွေ ဓာတ်မြေဩဇာထုတ်လုပ်ရေးနဲ့ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေ ပြည်တွင်း ပြည်ပ မည်သူမဆို ကျွန်တော်ဖိတ်ခေါ်ပါတယ်။**

မှိန်းလိုက်နေရင်ဘယ်လိုမှကို အလုပ်ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တစ်နေ့ကလည်း သက်ဆိုင်ရာ ဝန်ကြီးများ၊ ဝန်ကြီးချုပ်များကို ပြောပါတယ်။ ခင်ဗျားတို့နယ်မြေမှာရှိတဲ့ ဥပမာ ရှမ်းပြည်နယ်တို့၊ မန္တလေးတိုင်းတို့ဆိုရင် ဘိလပ်မြေစက်ရုံတွေရှိတယ်။ နေပြည်တော်ကောင်စီဆိုရင် ဘိလပ်မြေစက်ရုံတွေရှိတယ်။ စစ်ပါ။ ပြီးရင်ခုနကပြောတဲ့ မူဝါဒနဲ့ဖြစ်အောင်လုပ်ပါ။ အဲဒါဆိုရင် ပြည်ပကနေ ဘိလပ်မြေတင်သွင်းမှုတွေ လျော့ကျသွားမယ်။ မရှိအောင်လုပ်လို့ရတယ်။ ပြီးတော့ သံချောင်းပေါ့။ မြန်မာနိုင်ငံမှာ သံမဏိကုန်ကြမ်းထုတ်နိုင်တဲ့ သံကြမ်းတွေ ရှိပါတယ်။ လေးနေရာလောက်က စီးပွားဖြစ်ထုတ်လို့ရနိုင်တဲ့ တကယ့်ကို နှစ်ပေါင်းများစွာ ထုတ်လို့ရနိုင်တဲ့နေရာတွေရှိတယ်။ လေးနေရာလောက်ရှိတယ်။ အဲဒီတော့ သံကလည်း အတူတူပဲ။ ပြည်ပကနေ သံချောင်းတွေ တင်သွင်းနေရတာရှိတယ်။ အဲဒါကြောင့် သံမဏိစက်ရုံတည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော် လိုက်လံအားပေးနေပါတယ်။ ကျွန်တော်တို့က သံချောင်းအသေးလေးတွေနဲ့ ကျေနပ်နေလို့မရဘူး။ ငါးမူးလုံးတို့၊ တစ်ကျပ်လုံးတို့၊ ဒီလိုကနေပြီးတော့ မျိုးစုံသွားရမှာပေါ့။ H Beam တို့၊ I Beam တို့ ထုတ်နိုင်တဲ့အဆင့်တို့၊ တံတားဆောက်နိုင်တဲ့ဟာမျိုး ဒီလိုလေးတွေ ကျွန်တော်တို့ သွားရမှာ။ မလုပ်လို့မရဘူး။ ပြည်တွင်းမှာလည်း ကုန်ကြမ်းတွေရှိရဲ့သားနဲ့ ကိုယ်ကမလုပ်ဘူး။ ပြည်ပကနေပဲ အကုန်ထိုင်ပြီးသွင်းနေလို့ရှိရင် ဒီတိုင်းပြည်မွဲဖို့ပဲရှိတယ်။ ဒါကြောင့်ဘိလပ်မြေနဲ့ပတ်သက်တာ ပြည်တွင်းမှာ လုံလောက်စွာထုတ်ဖို့ လုပ်ဆောင်နေပါတယ်။ ဓာတ်မြေဩဇာနဲ့ပတ်သက်လို့ရှိရင် စက်ရုံအသစ်လုပ်ချင်တဲ့ သူတွေ ဓာတ်မြေဩဇာထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီးစိတ်ဝင်စားတဲ့သူတွေ ပြည်တွင်း ပြည်ပ မည်သူမဆို ကျွန်တော် ဖိတ်ခေါ်ပါတယ်။ ဓာတ်မြေဩဇာထုတ်လုပ်ရေးနဲ့ပတ်သက်ရင် ဒီအတွက် သွင်းအားစုဖြစ်တဲ့ ကျွန်တော်တို့ Gas နဲ့ လျှပ်စစ်ဓာတ်ရရှိရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ညှိပါမယ်။ ကျွန်တော်တို့က စောစောကပြောတဲ့ လျှပ်စစ်ကိုရအောင်၊ တစ်ဖက်ကလည်း တိုးအောင်လုပ်ဖို့အတွက် လုပ်ပြီးတော့မှ ပြည်တွင်းလိုအပ်ချက်ကို ခုနကပြောတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy ကရအောင် လုပ်နိုင်ရင်၊ ဟိုဘက်က Gas ကို ရအောင်လျှော့ပြီး ရတဲ့ဟာကို စက်ရုံအလုပ်ရုံသုံးမယ်ဆိုရင် ဖြစ်နိုင်တယ်။ ဒါမျိုးတွေကိုလည်း ကျွန်တော်တို့ စဉ်းစားရမှာပေါ့။ လွယ်လွယ်ကူကူ၊ လွယ်တဲ့နည်းလမ်းတော့ စဉ်းစားလို့မရဘူး။ တိုင်းပြည်ဘယ်လိုတိုးတက်အောင် လုပ်မလဲဆိုတဲ့စိတ်နဲ့ လုပ်မှရမယ်ဆိုတာလေး ကျွန်တော်ပြောလိုပါတယ်။ အဲဒီတော့ ခုနကပြောတဲ့ စီးပွားရေးနဲ့ပတ်သက်ရင် ကျွန်တော်စွမ်းအင်နဲ့ ပတ်သက်တဲ့ မူဝါဒလည်းပေးခဲ့ပါတယ်။ သံမဏိနဲ့ပတ်သက်တာကို ကျွန်တော်ပြောပါတယ်။ သံမဏိလုပ်မယ်ဆိုရင်လည်း စောစောကဓာတ်မြေဩဇာစက်ရုံတွေလိုပဲ သံမဏိစက်ရုံလုပ်မယ်ဆိုလည်း အားပေးပါတယ်။ မည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်မဆို၊ မည်သည့်နိုင်ငံမဆို သံမဏိထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော် အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်ပြောလိုပါတယ်” ဟု ပြောကြားသည်။

ဆက်လက်ပြီး ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ကာလအတွင်း အကြမ်းဖျင်းအားဖြင့် နိုင်ငံခြားပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် နိုင်ငံခြားငွေများ ပိုလျှံမှုရှိကြောင်း၊ မိမိတို့ ချွေတာ၍ရသည့်လုပ်ငန်းများတွင် ယခုထက်ပိုမို ချွေတာမည်ဆိုပါက ယခုထက်ပိုမို၍ ပိုငွေများ ပြလာနိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများ ပဏာမအားဖြင့် များပြားခဲ့သဖြင့် လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းဆီစားသုံးမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး လျှော့ချနိုင်ပါက ကုန်သွယ်မှုပိုငွေများ ယခုထက်ပိုမို များပြားလာမည်ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများအား လျှော့ချရန်လိုကြောင်း။

ယင်းနောက် ပို့ဆောင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ပို့ဆောင်ရေးနဲ့ပတ်သက်ရင် Public Transportation ကို ကျွန်တော်တို့အားပေးဖို့လိုတယ်။ မီးရထားတွေ၊ မြို့ပတ်ရထားတွေ၊ ဘတ်စ်ကားလိုင်းတွေ ဒါတွေများများသုံးနိုင်အောင် လုပ်ပါ၊ ဒါကြောင့် ကျွန်တော်အရှုံးခံပြီး ရထားလမ်းတွေဖွင့်ခိုင်းပါတယ်။ ဘယ်လောက်ပဲ ဖျက်ဖျက်၊ ဘယ်လောက်ပဲဖျက်ဖျက် ရအောင်ဆွဲမယ်ဆိုပြီး ကျွန်တော်လုပ်ပေးနေတယ်။ ရထားလမ်းတွေကိုလည်းရအောင် အဆင့်မြှင့်ခိုင်းနေပါတယ်။ ဒါကဘာလဲဆိုတော့ တိုင်းပြည်အတွက် အကျိုးရှိတဲ့လုပ်ငန်းမို့လို့၊ စီးပွားရေးအရကြည့်မယ်ဆိုရင်တော့ အကျိုးမရှိနိုင်ပေမယ့် တိုင်းပြည်အတွက်တော့ အကျိုးရှိတယ်။ Public Transportation ကို ကျွန်တော်တို့က အားပေးဖို့လိုတယ်။ အဲဒီ Public Transportation မှာ လျှပ်စစ်ကိုရအောင် ပြောင်းနိုင်လို့ရှိရင် ဒီထက်ပိုအကျိုးရှိမယ်။ ဒါကြောင့် ကျွန်တော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် တွန်းအားပေးနေခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးလျှပ်စစ်ရထားလမ်းနဲ့ ဆွဲရပါလိမ့်မယ်။ တစ်နိုင်ငံလုံး လျှပ်စစ်ရထားနဲ့ ပြေးရပါလိမ့်မယ်။ တစ်နိုင်ငံလုံး မြို့ပတ်ရထားလမ်းဆို မြို့ပတ်လမ်းအတိုင်းသွားမယ်။ မြို့ပေါ်တွေမှာသုံးတဲ့ ကားတွေက လျှပ်စစ်ကားတွေဖြစ်ရမယ်။ ဒီမူဝါဒကိုတွက်နေပါတယ်။ အချိန်လေးတစ်ခု တွက်ချက်ပြီးလို့ရှိရင် ကျွန်တော်တို့ ကြေညာပါ့မယ်။ ဘယ်နှစ်မှာတော့ လျှပ်စစ်ကားသုံးတဲ့စနစ်ကို ဘယ်အဆင့်မှာပြောင်းပြီးသားဖြစ်ရမယ်။ Private Use တွေပေါ့ဗျာ။ ကိုယ်ပိုင်ကားတွေ၊ ကားငယ်လေးတွေဆိုလို့ရှိရင် လုပ်ငန်းခွင်သုံးတဲ့ ကားကြီးတွေကတော့ ဖြစ်ကောင်းဖြစ်နိုင်မှာပေါ့လေ။ နည်းပညာအရ အခြားနိုင်ငံတွေမှာ ဖြစ်နေတဲ့အခြေအနေတွေ ကျွန်တော်တို့ ကြည့်ရဦးမယ်။ အခုနကပြောတဲ့ လူစီးကားကတော့ ဖြစ်တယ်။ ဘတ်စ်ကားတွေဖြစ်နိုင်တယ်။ ဒီဟာတွေဟာ ဘယ်နှစ်မှာ လျှပ်စစ်စနစ်ကိုပြောင်းရမယ်ဆိုပြီး ကျွန်တော်တို့ လုပ်ရမယ်။ ဒါမှမလုပ်ရင်လည်း ကျွန်တော်တို့ ကျန်ခဲ့လိမ့်မယ်။ ဆီဖိုးနဲ့မွဲလိမ့်မယ်” ဟု ပြောကြားသည်။

**SME များကို အားပေးရန်လို**

ထို့နောက် စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်ပမှစားသောက်ကုန်များနှင့် သုံးကုန်များအား တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါစားသောက်ကုန်နှင့် သုံးကုန်များအား ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုပြီး SME များကို အားပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စက်မှုဇုန်များနှင့် စက်ရုံများတွင် ဆောင်ရွက်၍ရကြောင်း၊ နည်းပညာများအသုံးပြု၍ ပြည်တွင်း စားသောက်ကုန်များအား အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စားကုန်၊ သောက်ကုန်နှင့် သုံးကုန်များအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်ပသွင်းကုန်များအား တတ်နိုင်သမျှလျှော့ချဆောင်ရွက်ရန်လိုကြောင်း။

**အားပေးဆောင်ရွက်ရန်လို**

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများ များစွာရှိပြီး စိုက်ဧက လေးသိန်းခန့်ရှိကြောင်း၊ အဆိုပါဝါများကိုလည်း နိုင်ငံတကာအထွက်နှုန်းကို မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်သဖြင့် ဝါစိုက်ပျိုးမှုနည်းပညာ မြင့်မားရေးအတွက် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအား အားပေးဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရချမှတ်ထားသည့် မူဝါဒများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကအားဖြင့် စီးပွားရေးမြှင့်တင်ရန်နှင့် စည်းကမ်းကောင်းမွန်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်ပေးမှုဆောင်ရွက်ရာတွင် အခြေခံပညာအားမသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလယ်တန်းအဆင့်ကို ဦးတည်၍ အခြေခံပညာသင်ကြားခြင်းဖြစ်ကြောင်း၊ KG + 9 အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ ဆရာမများ လုံလောက်စွာရှိရေးအတွက်လည်း ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုသုံးရာခိုင်နှုန်းအောက် ရရှိသည့်အချိန်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး လိုအပ်သည့် ကာကွယ်ဆေးများ ထပ်မံဝယ်ယူရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများအား ထိန်းချုပ်နိုင်သည့်အချိန်တွင် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ပြီး စက်ရုံ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးမှာ ပုံမှန်အခြေအနေသို့

**စာမျက်နှာ ၅ သို့ ❍**

# အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး

**“မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်”ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာအဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည်ဖြစ်ပါသည်။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

❍ စာမျက်နှာ ၄ မှ

ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် အသိပညာ အတတ်ပညာ ပေါကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့်ပတ်သက်၍ အားနည်းသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှသာ အသိပညာနှင့် အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကို နားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပညာတတ်များပေါများစေရေး ပညာရေးမြှင့်တင်မှုကို ဦးစားပေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ KG + 9 အထိ နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်ပေးရန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စာသင်ကျောင်းများကို အဆင့်မီအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ အပြည့်အဝခန့်ထားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဒေသနှင့် ဝေးလံခေါင်သီဒေသများရှိ အခြေခံပညာကျောင်းသား ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ဆရာ ဆရာမများအနေဖြင့် ကလေးများ အမှန်တကယ် နားလည်တတ်ကျွမ်းမှုရရှိစေရေး သင်ကြားပေးရန်လည်း လိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်သွားရန်လိုကြောင်း။

## လေ့ကျင့်မွေးထုတ်ပေးရန်လိုအပ်

နိုင်ငံတော်တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီးကြောင်း၊ သိပ္ပံဘာသာရပ်တွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာပညာရှင်များ အရေးကြီးသကဲ့သို့ စီးပွားရေးနှင့် ဥပဒေပညာရှင်များလည်း လေ့ကျင့်မွေးထုတ်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ကျေးလက်စီးပွားရေးမြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးပညာရှင်များ လိုအပ်ကြောင်း၊ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ များစွာစေလွှတ်နိုင်ပါက နိုင်ငံတော်အတွက် အကျိုးရှိကြောင်း၊ ပညာတော်သင်များကို နေရာချထားရာတွင်လည်း တတ်မြောက်ထားသည့် ပညာရပ်နှင့် ကိုက်ညီသည့် လုပ်ငန်းများတွင် လူမှန်၊ နေရာမှန် တာဝန်ပေးနေရာချထားရန်လိုကြောင်း။

ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်၊ စီမံခန့်ခွဲ ရောင်းချခြင်းဖြင့် တိုက်ရိုက်အကျိုးစီးပွား ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ကို အခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအတွက် ပြည်တွင်းကုန်ကြမ်းများ မှန်မှန်ကန်ကန် ရရှိအောင် ဆောင်ရွက်ပြီး ပြည်ပပို့ကုန် ထုတ်လုပ်နိုင်သည့် အဆင့်အထိ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း။

ပို့ဆောင်ရေးအတွက်လည်း လမ်းများကောင်းမွန်ရန်လိုကြောင်း၊ ကျေးလက်လမ်းများနှင့်ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး အလေးပေးဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ ဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း။

## ခိုင်မာအောင်လုပ်ဆောင်ရမည်

စီးပွားရေး တည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုး ပြောင်းလဲမှုမရှိဘဲ ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးကို ထိန်းသိမ်းပြီး ဘဏ်စနစ် တည်ငြိမ်အောင် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်များ များစွာတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး သွင်းကုန်ပမာဏ ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ကာ တိုင်းပြည်စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နေကြောင်း၊ အဓိကအားဖြင့် မိမိတို့တိုင်းပြည်တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်နေကြရန် လိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည့် လုပ်ငန်းများအပေါ် ကြိုတင်မြော်တွေး၍ ကြပ်ကြပ်မတ်မတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ထုတ်ကုန်များ အမယ်စုံတင်ပို့နိုင်ရေး၊ စံချိန်စံညွှန်းနှင့်ကိုက်ညီရေး၊ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး ကုန်သွယ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလေ့လာပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားရမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

စီးပွားရေးသံမှူးသင်တန်း (၂၀၂၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။



## ရွေးချယ်သွားမည်

သင်တန်းဖွင့်ပွဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးသံမှူးသင်တန်း (၂၀၂၁) ကို ဇူလိုင်လတွင် ဖွင့်လှစ်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်နှုန်း များပြားလာသည့်အတွက် ခေတ္တဆိုင်းငံ့ထားခဲ့ရကြောင်း၊ Coronavirus Disease 2019(COVID-19) ကာကွယ်ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ စည်းကမ်းချက်များနှင့်အညီ ယနေ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ပြည်ပကုန်သွယ်ဖက်နိုင်ငံများသို့ စီးပွားရေးသံမှူးများကို ၂၀၁၂ ခုနှစ်မှ စတင်စေလွှတ်ခဲ့ရာ ယခု (၄) ကြိမ်မြောက်အဖြစ် စေလွှတ်မည်ဖြစ်ကြောင်း၊ စီးပွားရေးသံမှူးဆိုသော်လည်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မြှင့်တင်ရေးကိစ္စများကို အထူးအလေးပေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခုသင်တန်းသို့ စီးပွားရေးနှင့် ဆက်စပ်သောဝန်ကြီးဌာနများမှ အရာထမ်း ၃၈ ဦး တက်ရောက်ကြမည်ဖြစ်ပြီး အရည်အချင်း ပြည့်မီသူများကို သေချာစွာစိစစ်၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်စီးပွားရေးသံမှူးများကို ရှေ့တန်းတိုက်စစ်မှူးများအဖြစ် အားထားကြောင်း၊ သင်တန်းတွင် စီးပွားရေးသံမှူးများ သိရှိလေ့လာထားရမည့် ဘာသာရပ်များကို ပို့ချသွားရန် စီစဉ်ထားရာ သင်တန်းသားများအနေဖြင့် စိတ်ဝင်စားစွာ သင်ယူစေလိုကြောင်း၊ လက်ရှိစေလွှတ်ထားသည့် စီးပွားရေးသံမှူးများထံမှ ဗဟုသုတ၊ အတွေ့အကြုံနှင့် အချက်အလက်များကို ချိတ်ဆက်ရယူပြီး ကိုယ်တိုင် တာဝန်ထမ်းဆောင်သည့်အခါ အဆင်သင့်ဖြစ်စေရန် ကြိုးစားသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ပို့ကုန်တိုးတက်ရေးအတွက် ထုတ်ကုန်များ အမယ်စုံတင်ပို့နိုင်ရေး၊ စံချိန်စံညွှန်းနှင့် ကိုက်ညီရေး၊ ဈေးကွက်သစ်များရှာဖွေရေး၊ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေး၊ တစ်ဖက်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းရေးနှင့် ကုန်သွယ်မှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများကိုလေ့လာပြီး လက်တွေ့လုပ်ငန်းခွင်တွင် ပေါင်းစပ်အသုံးချ ဆောင်ရွက်သွားရမည်ဖြစ်ရာ သင်တန်းတွင် ပို့ချချက်များကို အားကြိုးမာန်တက် လေ့လာသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက လက်ရှိအခြေအနေအရ စီးပွားရေးသံမှူးများ စေလွှတ်ထားသော အနောက်နိုင်ငံများမှာ ကုန်သွယ်မှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု နည်းနေသော်လည်း စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာတင်ပြလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသို့ စီးပွားရေးသံမှူး လေးဦးစေလွှတ်ထားကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် နယ်စပ်ကုန်သွယ်ရေးအပါအဝင် ကုန်သွယ်မှုအများအပြားဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ၊ ရေထွက်ကုန်များ၊ သစ်သီးဝလံများ၊ ကျွဲနွားများ တင်ပို့နိုင်ရေးအတွက် တရုတ်နိုင်ငံသို့ စေလွှတ်ထားသည့် စီးပွားရေးသံမှူးများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)နှင့် ညှိနှိုင်းချိတ်ဆက်ပြီးကြိုးစားဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာပို့ကုန်အများအပြား တင်ပို့နိုင်ခဲ့ကာ နိုင်ငံအတွက်များစွာအကျိုးရှိခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းတွင်ပို့ချပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူသွားကြရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ သင်တန်းသား သင်တန်းသူ ၃၈ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာရိတ္တမလျှိုင် ကြံ့ခိုင်ပါစေ

## ဗညားကျန်းထော

**"အစိုးရက ဘယ်လောက်ပဲကောင်းကောင်း၊ စနစ်က ဘယ်လောက်ပဲကောင်းကောင်း ဖြစ်ပေါ်လာနိုင်တဲ့ အတားအဆီးအနှောင့်အယှက်တွေကို ရင်ဆိုင်ဖြေရှင်းဖို့ဆိုတာက အစိုးရမှာသာ တာဝန်ရှိတာမဟုတ်ဘဲ နိုင်ငံသားတစ်ဦးချင်းစီမှာ တာဝန်ရှိကြတယ်။ နိုင်ငံသားတိုင်း နိုင်ငံအပေါ်တာဝန်ကျေပွန်ဖို့ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေ၊ ဆုံးဖြတ်နိုင်စွမ်းတွေ ရှိဖို့လိုအပ်တယ်။"**

အင်ဒရူးကာနက်ဂျီ
(သံမဏိလုပ်ငန်း အမေရိကန် သန်းကြွယ်သူဌေးကြီးရဲ့ ၁၉၀၈ ခုနှစ်က စကား)

**အမာထည်အပျော့ထည်**

နိုင်ငံကို ကောင်းအောင်တည်ဆောက်ကြမယ်ဆိုရင် ပထမဦးဆုံး လူတွေကို ကောင်းမွန်အောင် ပြုပြင်ကြရမှာကို အရင်ဆုံးလုပ်ကြရမှာပဲ။ ဘာကြောင့်လဲ။ မေးချင်ရင်မေးနိုင်ပါတယ်။

လူတွေမကောင်းမွန်လို့လည်း မဟုတ်ပါဘူး။

လူတွေရဲ့ ကိုယ်ရည်ကိုယ်သွေးကောင်းကြရင် ပိုမိုအောင်မြင်မှာ သေချာလို့ပါ။ ဥပမာ စာရိတ္တ၊ ကိုယ်ကျင့်သီလအပိုင်းပေါ့။ ဒါဟာ လူတစ်ဦးချင်းစီရဲ့အမာခံအထည် (Hardware)ပါပဲ။

လူတွေညံ့နေလို့လည်း မဟုတ်ပါဘူး။

လူတွေရဲ့အရည်အသွေးအပြင် အရည်အချင်းလည်း စွမ်းရည်ပိုမိုမြင့်မားကြတယ်ဆိုရင် ပိုပြီး ချောမောလွယ်ကူအောင်မြင်မယ်ပေါ့။ အပျော့ပိုင်းဆိုင်ရာ အခြားအနားတစ်ဖက် (Software) ဆိုပါတော့။ လူတစ်ယောက်ရဲ့ အကျယ်အဝန်းအခြေအနေဆိုတာ အလျား x အနံ့ဆိုတဲ့အနားနှစ်ခုရဲ့ ဧရိယာပဲမဟုတ်လား။

ကောင်းခြင်း မကောင်းခြင်းသဘောနဲ့ တော်ခြင်းညံ့ခြင်းသဘောပြောပါတော့။

မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးကို တအားအထင်ကြီးပြီး မြှင့်ထားကာမော့မကြည့်နဲ့။ အရမ်းအထင်သေးပြီး မလောက်လေးမလောက်စားတွေပါကွာရယ်လို့လည်း ငုံ့မကြည့်နဲ့။ အဖြေမှန်မရဘူး။ ပကတိအရှိအတိုင်းသာပဲ အားသာချက်တွေ၊ အားနည်းချက်တွေကို သိနေရမှာပါ။

**ကိုယ်စီကိုယ်စီ**

လူကောင်းလူတော်ခေါ်ခေါ်၊ လူတော်လူကောင်းခေါ်ခေါ် ပြည်သူလူထုတိုင်းရင်းသားအားလုံးက ငါတို့ဟာ နိုင်ငံတော်ကို ယခုထက်ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်အောင်ပါဝင်တည်ဆောက်ကြမယ်။ ပထမဦးဆုံး မိမိတို့ကိုယ်တိုင် နိုင်ငံသားကောင်းအရည်အသွေး၊ အရည်အချင်းတွေရှိနေအောင် ပြုစုပျိုးထောင်သွားကြမယ်။ ဟုတ်တယ်။ တစ်ယောက်ကစ, တစ်ရာတိုးပွား၊ အရေအတွက်ထောင်သောင်းသိန်းသန်းများစေရမယ်။

ကူးစက်မြန် ကပ်ရောဂါဘေးဆိုးကြီးကို ရင်ဆိုင်ဖြတ်သန်းနေရင်း အသက်ရှင်ကျန်နေကြသေးတဲ့ လူကြီး၊ လူလတ်၊ လူငယ်၊ ကလေးအားလုံးရဲ့အရည်အသွေးကို သွေးသစ်လောင်း ပြောင်းလဲပြုပြင်မြှင့်တင်ကြရမယ်။

နိုင်ငံတစ်ခုတည်ဆောက်တယ်ဆိုတာ ဒီလိုပဲ စိတ်ကူးစိတ်မှန်းနဲ့ ရည်ရွယ်ချက်ခိုင်ခိုင်မာမာ ချမှတ်ပြီး နှစ်ရှည်လများ ကြိုးကြိုးစားစားထူထောင်တည်ဆောက်ကြရစမြဲပါပဲ။ အိမ်နီးချင်းနိုင်ငံတစ်ခုဟာ ၂၀၀၀ ပြည့်နှစ်မှာ သူ့နိုင်ငံရဲ့ အနာဂတ်အနှစ် ၅၀ ပန်းတိုင်နဲ့ မဟာဗျူဟာကို ငါးနှစ်စီမံကိန်း ၁၀ ကြိမ် လျာထားပြီး ကြိုးပမ်းကြတယ်။ ယခု ၂၀၁၂ ခုနှစ်မှာသိသိသာသာ တိုးတက်ပြောင်းလဲလာခဲ့တာတွေ့ကြရတယ်။ အသေးစိတ်လေ့လာကြည့်ရင် သူတို့ရဲ့ အခက်အခဲ အတားအဆီးအမျိုးမျိုးကြားက ရုန်းကန်ဖြတ်သန်းခဲ့ရတဲ့သင်ခန်းစာတွေ တွေ့မြင်နိုင်တယ်။ အလားတူ မိမိတို့ပြည်သူတွေကလည်း ဘယ်ပါတီ ဘယ်အစိုးရပဲပြောင်းပြောင်း၊ တိုင်းပြည်ကောင်းအောင် ပြည်သူတွေရဲ့ဘဝကို ပိုမိုကောင်းမွန်အောင် စဉ်ဆက်မပြတ် လက်ဆင့်ကမ်းတာဝန်တွေ ထမ်းဆောင်ရင်း တာဝန်ကျေအောင် ကြိုးပမ်းနေရမယ်။ ဒါဟာ နိုင်ငံသားကောင်းတွေရဲ့ အခြေခံမူလတာဝန်တွေပါပဲ။ ဘယ်သူမှ မရှောင်လွှဲရဘူးလေ။

**ဝန်ထမ်းဘဝ**

စကားစပ်မိလို့ သာမန်အရပ်သားနဲ့ မတူကြတဲ့ ဝန်ထမ်းတွေရဲ့ သဘောလက္ခဏာတချို့ကို ဖော်ပြပါရစေ။ လူတိုင်းကတော့ သိကြပြီးသားပါလေ။

အစိုးရဝန်ထမ်းဆိုတာ နိုင်ငံနဲ့ ပြည်သူရဲ့အကျိုးကို အဓိကဦးစားပေးကြရပါတယ်။ ပုံမှန်လစာ လစဉ်ရပေမယ့် အများအားဖြင့် ချမ်းသာကြွယ်ဝလောက်အောင်တော့ မရကြပါ။ ဒါပေမဲ့ သာမန်ပြည်သူနဲ့ မတူဘူး။

လောဘနည်းပြီး မာနကြီးတယ်။

ရိုးသားပြီးရောင့်ရဲတယ်။

ဒါကြောင့် တပည့်မရှား တစ်ပြားမရှိဘဝကို ကျေနပ်ပျော်ပိုက်နိုင်ခဲ့တာပေါ့။ ဝန်ထမ်းဘဝကို တန်ဖိုးထားဂုဏ်ယူတတ်တဲ့သူတွေကြောင့် နိုင်ငံတော်အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးယန္တရားတွေ မပျက်မယွင်း မပြိုလဲဘဲ ရှင်သန်နေတာခင်ဗျ။

စုန်းပြူးတွေတော့ ရှိခဲ့သပေါ့။ တာဝန်မလေးစား၊ ဝတ္တရားမရှိသေ။ လူ့ကျင့်ဝတ်ကို တန်ဖိုးမထား။ ကိုယ်ထင်ရာမြင်ရာ စွတ်ရွတ်ပြီးဖောက်တဲ့ အနည်းစုကတော့ ပြည်သူကို အနစ်နာခံအလုပ်အကျွေးပြုရတဲ့ မွန်မြတ်လှတဲ့ ပြည်သူ့ဝန်ထမ်းလခစားဘဝကို ကျောခိုင်းစွန့်ခွာသွားခဲ့ကြပါပြီ။ သူ့သဘောသူဆောင်ပြီး သူ့လမ်းသူရွေးတာပဲ။ အမှားသိမြင်အမြန်ပြုပြင်ပြီး ပြန်ဝင်လာသူတွေကို အလုပ်ခွင်က နွေးနွေးထွေးထွေး ကြိုဆိုခဲ့ကြပါတယ်။

စားချင်သောက်ချင် ရသမျှလိုချင်လောဘရှိနေရင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်မိတတ်ကြတာမို့ သူတို့နဲ့ဆက်ဆံရတဲ့ ပြည်သူအများမှာတော့ အဲသလိုဝန်ထမ်းမျိုးဆိုရင် မစင်တုံးထက်တောင်မှ ပိုပြီး စက်ဆုပ်ရွံရှာအော့နှလုံးနာကြပါတယ်။ ထိုဝန်ထမ်းဆိုးတွေ၊ ငါးခုံးမတွေ၊ ငါးပုပ်တွေ သန့်စင်ကင်းဝေးသွားခဲ့ပြီဆိုတော့ နိုင်ငံ့ဝန်ထမ်းလောကမှာ ပိုကောင်းလာမှာ မုချပါပဲ။

**အစဉ်အလာ**

မြန်မာတိုင်းရင်းသားတွေက ပင်ကိုမညံ့ကြပါဘူး။ စာရိတ္တကိုယ်ကျင့်တရားကိုလည်း အမြတ်တနိုးတန်ဖိုးထားတဲ့ ဓလေ့ထုံးစံရိုးရာယဉ်ကျေးမှုမျိုး အစဉ်အလာရှိနေခဲ့ကြပြီးသားပါ။ အင်မတန်ရိုးသားကြတယ်။ အလွန်ဖြူစင်ကြတာ များပါတယ်။ (အေးဗျ၊ လူဟာလူပဲ။ ရပ်ထဲရွာထဲမှာ ကတ်တီးကတ်ဖဲ့ တစ်ဦးတလေဆိုတာကတော့ ရှိစမြဲပေါ့။ ရှိပါစေ) တစ်မြို့လုံး၊ တစ်နယ်လုံး၊ တစ်တိုင်းပြည်လုံးက အများစု ထုထည်အင်အားကြီးကြီးမားမားနဲ့ နိုင်ငံ့သားကောင်း လူတော်လူချွန်၊ လူကောင်းလူမွန်တွေ ဖြစ်နေကြရင် အနာဂတ်နိုင်ငံတော်ဟာ ယနေ့ထက် ပိုမိုတိုးတက် သာယာအေးချမ်းပြီး ဖွံ့ဖြိုးကြွယ်ဝလာမှာသေချာပါတယ်။ အပြုဘက်ကတွေးစမ်းပါ။ တည်ဆောက်ရေးအမြင်နဲ့ စဉ်းစားပါ။ ပိုက်ဆံပေးဝယ်စရာမလိုတဲ့အိပ်မက်ကိုများ ချွေချွေတာတာ လျှော့လျှော့ပေါ့ပေါ့ စိတ်မကူးစမ်းပါနဲ့ဗျာ။ အကောင်းဆုံးတွေးပြီး အမြင့်မားဆုံးစွမ်းအား အရည်အချင်းမျိုးနဲ့ ညီညီညာညာလုပ်ကြမယ်ဆိုရင် အိပ်မက်တွေဟာ တကယ်ဖြစ်လာတာ။ (စနစ်တွေ၊ ခေတ်တွေ ပြောင်းလဲခဲ့တဲ့သမိုင်းဟာ ကျွန်တော်တို့ခေါင်းထဲက အတွေး (မနောကံ) တွေက စတင်ခဲ့ကြတာပဲမဟုတ်လား။ ရဲရဲတွေးခေါ်ပါ) တကယ်လုပ်ရင် မခက်ခဲပါဘူးခင်ဗျာ။

**လိုအပ်ချက်**

သာမန်လူကောင်းတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ကိုယ်ရည်ကိုယ်သွေးလက္ခဏာ ၁၀ ချက်ကို ဖော်ပြပါရစေ။ အိမ်မှာ၊ ကျောင်းမှာ၊ သင်တန်းတွေမှာ၊ အလုပ်ခွင်တွေမှာ လူတိုင်းက မိမိကိုယ်ကို ပြုပြင်ပျိုးထောင် ကောင်းသထက်ကောင်းအောင် ပြောင်းလဲလိုက်ကြရင် ပိုကောင်းလာမှာပဲ။ ဒါလေးတွေပေါ့-

၁။ ရိုးသားမှု၊
၂။ အနစ်နာခံမှု၊
၃။ သည်းခံခွင့်လွှတ်တတ်မှု၊
၄။ ရဲဘော်ရဲဘက်စိတ်ရှိမှု၊
၅။ ကိုယ်ကျိုးမကြည့်တတ်မှု၊
၆။ သူတစ်ပါးကို ကူညီရိုင်းပင်းလိုမှု၊
၇။ အမှန်တရားကိုမြတ်နိုးတတ်ခြင်း၊
၈။ သူတစ်ဖက်သားကိုလေးစားတတ်ခြင်း၊
၉။ မတရားမှုကို မနှစ်သက်လက်မခံခြင်းနဲ့
၁၀။ အငြိုးအတေး(အာဃာတ) အပြစ်အမုန်း မထားခြင်း။

လူတွေကောင်းလာမှ တိုင်းပြည်ကောင်းမှာပေါ့။

**ဂရိတွေးခေါ်ပညာရှင် ဟဲရားကလိုက်တပ်(စ်)က "စာရိတ္တဆိုတာ ကံတရားပါပဲ။ စာရိတ္တက လူကို ဖန်တီးတာဖြစ်တယ်။ အခြေအနေတွေက ကံတရားကို ဖန်တီးတာမဟုတ်ဘူး" လို့ ပြောခဲ့ပါတယ်။ မိမိဘဝကို ကိုယ်ကြိုက်သလို ပုံဖော်ထုဆစ်ဖို့ရာ စွမ်းရည်စွမ်းအားလိုအပ်တာပေါ့။ အဲဒါကို ပညာရေးကပေးနိုင်တယ်။ ပတ်ဝန်းကျင်က ပေးနိုင်တယ်။ မိသားစုက ပေးနိုင်တယ်။ ကျောင်းပြင်ပ ပညာရေးအသင်းအပင်း လှုပ်ရှားမှု စေတနာ့ဝန်ထမ်းကုသိုလ်ရေးလုပ်အားပေးခြင်းမျိုးတွေနဲ့ စာကြည့်တိုက်၊ စာဖတ်ခန်း၊ လူထုဗဟိုပြုစာကြည့်ခန်းတွေက ရရှိနိုင်ကြပါတယ်။ တန်ဖိုးရှိတဲ့အချိန်ကို သေချာစွာအသုံးချနိုင်ကြရမယ်။ ပျက်ပြားအောင် ဖျက်သွားတာတွေကို ပြန်ပြင်ကြရမယ်လေ**

**စာရိတ္တ**

စာရိတ္တအရေးကြီးပုံကို တွေ့ကြရပါလိမ့်မယ်။ ဂရိတွေးခေါ်ပညာရှင် ဟဲရားကလိုက်တပ်(စ်)က **"စာရိတ္တဆိုတာ ကံတရားပါပဲ။ စာရိတ္တက လူကို ဖန်တီးတာဖြစ်တယ်။ အခြေအနေတွေက ကံတရားကို ဖန်တီးတာမဟုတ်ဘူး"** လို့ ပြောခဲ့ပါတယ်။ မိမိဘဝကို ကိုယ်ကြိုက်သလို ပုံဖော်ထုဆစ်ဖို့ရာ စွမ်းရည်စွမ်းအားလိုအပ်တာပေါ့။ အဲဒါကို ပညာရေးကပေးနိုင်တယ်။ ပတ်ဝန်းကျင်ကပေးနိုင်တယ်။ မိသားစုက ပေးနိုင်တယ်။ ကျောင်းပြင်ပပညာရေးအသင်းအပင်းလှုပ်ရှားမှု စေတနာ့ဝန်ထမ်းကုသိုလ်ရေးလုပ်အားပေးခြင်းမျိုးတွေနဲ့ စာကြည့်တိုက်၊ စာဖတ်ခန်း၊ လူထုဗဟိုပြုစာကြည့်ခန်းတွေက ရရှိနိုင်ကြပါတယ်။ တန်ဖိုးရှိတဲ့အချိန်ကို သေချာစွာအသုံးချနိုင်ကြရမယ်။ ပျက်ပြားအောင် ဖျက်သွားတာတွေကို ပြန်ပြင်ကြရမယ်လေ။ ပေါ့ပေါ့တန်တန်နေလို့ဘယ်ရပ့ါမလဲ။ ကြိုးစားရမှာပေါ့။

**"လူတစ်ယောက်ရဲ့ စာရိတ္တဟာ သူ့သမိုင်းပဲ"**တဲ့။ ဂျာမန်စာရေးဆရာ ကဗျာဆရာ ဂျွန်ဝုဖ်ဂန်း, ဗွန်, ဂိုထေး (၁၇၄၉-၁၈၃၂) က ရေးခဲ့ဖူးပါတယ်။

ကိုယ်ထူးကိုယ်ချွန် လူမည်းကျောင်းဆရာ စာရေးဆရာ ဘွတ်ကာ, တီ, ဝါရှင်တန် (၁၈၅၆-၁၉၁၅) ကလည်း ရေးခဲ့ဖူးတယ်။ **"စာရိတ္တဟာ လူ့စွမ်းအားပါပဲ"** တဲ့။ စာရိတ္တဆိုတာ လူသားတစ်ယောက်ရဲ့ ဘဝတစ်လျှောက် တန်ဖိုးအကြီးမားဆုံးသော အခြေခံအကြောင်းရင်းအနှစ်သာရပါကလားဆိုတာ ဘာသာရေးခေါင်းဆောင်တွေကလည်း တရားတော်တွေမှာ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်လို့ဖြစ်စေ သွန်သင်ဆုံးမခဲ့ပါတယ်။ အက်(ဖ်), စကော့,ဖစ်ဂျရယ်(၁၈၉၆-၁၉၄၀)ဆိုတဲ့ စာရေးဆရာကလည်း ရေးဖူးပါတယ်။ **"လုပ်ရပ်ဟာ စာရိတ္တပဲဖြစ်ပါတယ်"** တဲ့။ စာရိတ္တမကောင်းရင်တော့မဖြစ်ဘူးနော်။

**နေရာကျပါစေ**

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နဲ့ ပြည့်စုံထင်ရှားလှတဲ့ ဝေဘူဆရာတော်ဘုရားကြီးက ဒီလိုရှင်းရှင်းလင်းလင်း ဘွင်းဘွင်းကြီး ဟောကြားတော်မူခဲ့ဖူးပါရဲ့-

**"ကိုယ်နေရာမကျတာကို နေရာမကျမှန်းသိရင် အတော်နေရာကျပြီဗျ။**

**ကိုယ်နေရာမကျတာကို နေရာကျတယ်ထင်နေရင်တော့ နေရာမကျတော့ဘူး"**တဲ့။ သိက္ခာသုံးပါး နှစ်ပေါင်းများစွာ ဆောက်တည်ကျင့်သုံးခဲ့တဲ့ ဆရာတော်ရဲ့ဆုံးမစကားဟာ စာဖတ်သူတို့၊ စာရေးသူတို့ရဲ့ စက္ခုနှစ်ကွင်းကို ထင်လင်းပေါ်လွင်အောင် မီးမောင်းထိုးပြလိုက်သလိုပါပဲလား။

မိမိနဲ့လောက၊ လောကနဲ့မိမိ
မိမိနဲ့ပတ်ဝန်းကျင်၊ ပတ်ဝန်းကျင်နဲ့မိမိ
ထော်လော်ကန့်လန့်မဖြစ်မိဖို့ရာ
နေရာကျရဲ့လား၊ မကျသေးဘူးလား။

ကိုယ့်ကိုယ်ကိုယ်မြင်အောင် သတိနဲ့ကြည့်တတ်ဖို့ အရေးကြီးလှကြောင်း သတိမူမိစရာကောင်းလေစွ။

ဆင်းရဲပင်ပန်းပြီး ဘယ်သူမှအကျိုးမရှိ၊ လူသူအများ ဘေးအန္တရာယ်များ ဒုက္ခပင်လယ်ဝေစေမယ့် ခြေလှမ်းတွေဆက်သွားနေတဲ့ ပုဂ္ဂိုလ်တွေ၊ ဆင်းရဲပင်ပန်းစေမယ့် လမ်းကြောင်းအလွဲအမှားကိုပဲ ဆွဲဆောင်ဖြားယောင်းမှုတွေရဲ့နောက်သို့ လိုက်ပါထပ်ခါထပ်ခါ ရွေးချယ်လုပ်ဆောင်နေခဲ့သော်..... နေရာကျနိုင်မယ်မထင်။ **စာမျက်နှာ ၇ သို့** ✢

# Online မှ e-Visa (Business) ရယူထားသူများအနေဖြင့် Online ဖြင့် e-Stay Extension နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းစဉ်များ လျင်မြန်စွာအကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် e-Visa website (https://evisa.moip.gov.mm) ကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်မှစတင်၍ တရားဝင်လွှင့်တင်ထားရှိပြီး ကမ္ဘာလှည့်ဗီဇာ (Tourist Visa) နှင့် လုပ်ငန်းဗီဇာ (Business Visa) ထုတ်ပေးခြင်းတို့ကို Electronic System ဖြင့် ခွင့်ပြုပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်စေရန်အတွက် e-Visa website မှ Online ဖြင့် လျှောက်ထားရယူထားသည့် e-Visa(Business)ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင်အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံခြားသားများအတွက် နေခွင့်သက်တမ်းတိုးခြင်း (Stay Extension) နှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) တို့ကို Online မှ လျှောက်ထားနိုင်ရန် e-Stay Extension website (https://estay.moip.gov.mm) ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ကာ တရားဝင်လွှင့်တင်ရန် စမ်းသပ်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

e-Visa (Business) ရယူထားပြီး Online e-Stay Extension လျှောက်ထားလိုသူများအနေဖြင့် အသေးစိတ်သိရှိလိုပါက လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နိုင်ငံခြားသားများရေးရာဌာန၊ ရုံးအမှတ်(၄၈) နေပြည်တော်၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၅၁၅ သို့လည်းကောင်း၊ အမှတ် (၁၁၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ရှိ နေခွင့်ပြည်ပြန်ဝင်ခွင့်ဌာနစိတ်၊ တယ်လီဖုန်းအမှတ် ၀၁-၈၃၇၂၉၀၃ သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား "လှပသာယာ ပြည်မြန်မာ" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည် ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် မီဒီယာများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၃၀-၁၁-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထားပြီး ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ နနွင်းနှင့် ကြက်သွန်နီများ စိုက်ပျိုးထားရှိ

**မြစ်သား အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများမှ နနွင်းနှင့် ကြက်သွန်နီများစိုက်ပျိုးထားရှိရာ နနွင်းစိုက်ဧက ၁၀၀၀ ပေါ်တွင် တစ်ဧက ပျမ်းမျှအထွက်နှုန်း ၃၅၀ တင်းထွက်ရှိပြီး နနွင်းတင်းပေါင်း ၃၅၀၀၀၀ ထွက်ရှိသည်။

ထို့အတူ ကြက်သွန်နီစိုက်ဧက ၁၀၀ ပေါ်တွင် တစ်ဧကပျမ်းမျှပိဿာချိန် ၂၅၀၀ ထွက်ရှိပြီး စုစုပေါင်း ကြက်သွန်နီပိဿာချိန် ၂၅၀၀၀၀ ထွက်ရှိရာ စိုက်ပျိုးထားရှိသည့် နနွင်းနှင့် ကြက်သွန်နီများမှာ လာမည့် ၂၀၂၂ ခုနှစ် မတ်လခန့်တွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ကြီးမှူး၍ မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က ကြီးမှူးပြီး ဝန်ထမ်းများအား မိုဘိုင်းဖုန်း Hardware & Software ဆိုင်ရာ နည်းပညာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းကို အောက်တိုဘာ ၂၅ ရက်မှ စတင်ပြီး ပျဉ်းမနားမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဌာနအတွင်းရှိ ဝန်ထမ်း ၁၁ ဦးအား မိုဘိုင်းဖုန်း Hardware & Software ဆိုင်ရာ နည်းပညာများကို အောက်တိုဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ နှစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည် ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူထုအခြေပြုဗဟိုဌာန (Community Centre) များတွင် ပြည်သူများအတွက် အကျိုးပြုစေမည့် ဘာသာစကားသင်တန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြုသင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ အစည်းအဝေး၊ ဆွေးနွေးပွဲများနှင့် ပြပွဲ/ ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ လူငယ်များအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်မည့် မိုဘိုင်းဖုန်းပြုပြင်နည်းပညာများကို သင်ကြားပို့ချနိုင်စေရန်ရည်ရွယ်၍ ဌာနအတွင်းရှိ ဝန်ထမ်းများကို ပထမအဆင့် လေ့ကျင့်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား ၁၁ ဦးက လူထုအခြေပြုဗဟိုဌာန (Community Centre)များတွင် ဒေသခံပြည်သူများအား ဆင့်ပွားသင်တန်းများ ဆက်လက်သင်ကြားပေးနိုင်ရေးအတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မိုဘိုင်းဖုန်း ပြုပြင်နည်းသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ သင်တန်းသားများအား ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်သန့်စင်စေခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

✢ စာမျက်နှာ ၆ မှ

တကယ်တော့ အမြော်အမြင်ရှိတဲ့ခေါင်းဆောင်မှန်ရင် နိုင်ငံကောင်းအောင် ထူထောင်တည်ဆောက်မယ်ဆိုပါက အခြေခံပြည့်စုံကြရမယ့်အချက်တွေတော့ သိရမှာပေ့ါ။ ဥပမာ နိုင်ငံရေးတည်ငြိမ်ရမယ်။ ငြိမ်းချမ်းရေးရှိနေရမယ်။ စည်းလုံးညီညွတ်ချစ်ခင်စွာ ညီညီညာညာ လက်တွဲပူးပေါင်းလုပ်ဆောင်ကြရမယ် စသဖြင့်ပေ့ါ။

**ပြည့်စုံပါစေ**

အောင်မြင်မှုတွေ ဖော်ဆောင်ကြဖို့ရာက ကြိုတင်ပြည့်စုံစေရမယ့် အခြေခံသဘောအချက်အလက်တွေ လိုအပ်တယ်လေ။ ဥပမာပြောပါရစေ-

သမထဝိပဿနာတရားအလုပ် အားထုတ်မယ်ဆိုရင် အဲဒီသူမှာရှိထားရမယ့် အခြေခံလိုအပ်ချက် ငါးချက်ရှိရတယ်လေ၊

၁။ သဒ္ဓါ - ရတနာသုံးပါးနဲ့ ယင်းတို့ရဲ့ ဂုဏ်တော်များကို ယုံကြည်ရခြင်း၊ သက်ဝင်ခြင်းရှိရမယ်

၂။ အပ္ပဗာဓော - ကျန်းမာသန်စွမ်းခြင်း ရှိရပါမယ်

၃။ အသဌတာ- စိတ်သဘောထားဖြောင့်စင်းတော်တည့်ခြင်းရှိရမယ်

၄။ အာရဒ္ဓဝီရိယတာ- အကျင့်သီလနဲ့ ပြည့်စုံကာ ကြိုးပမ်းအားထုတ်မှုရှိရမယ်

၅။ ဥဒယဗ္ဗဂါမိနီပညာ- ရုပ်နာမ်တို့ရဲ့ ဖြစ်ပျက်မှုကို သိမြင်နိုင်သောဉာဏ်ပညာနဲ့ ပြည့်စုံရမယ်ဆိုတဲ့သဘော။

အဓိကလိုအပ်ချက် ငါးချက်က **"ယုံကြည်၊ ကျန်းမာ၊ စိတ်ထားမှာဖြောင့်ရ၊ ကျင့်သီလနဲ့ ဉာဏ်ပညာ လုံလောက်ရမယ်"** ပေ့ါကွယ်။ ဘာကြောင့်လိုအပ်တာလဲ။ အကျယ်မဆွေးနွေးတော့ပါ။ စာဖတ်သူများ နားလည်ကြပြီးသားပါပဲ။ ယုံကြည်သက်ဝင်ခြင်းမှုမရှိရင် သမထဝိပဿနာ ဘယ်လုပ်လို့ရမှာလဲ။ ယုံကြည်သက်ဝင်မှုရှိရမယ်လေ။

စိတ်ပန်းကိုယ်ပန်းကြိုးစားနိုင်တဲ့ ကျန်းမာကြံ့ခိုင်တဲ့ခွန်အားရှိဖို့ကော မလိုအပ်ပေဘူးလား။ ထင်ရှားပါပြီ။

**ယုံကြည်ချက်**

အနာဂတ်ကို ကျွန်တော်တို့အားလုံးက အစွမ်းကုန် ချစ်ချစ်ခင်ခင် ယုံယုံကြည်ကြည်၊ လေးလေးစားစား၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ တည်ဆောက်ဖန်တီးနိုင်မယ့် အခြေအနေကောင်းတွေကို ဖန်တီးကြရပါမယ်။ ဘယ်လိုအခက်အခဲတွေ့တွေ့ ဖြတ်သန်းကျော်လွှားနိုင်မှာပါ။ ဘယ်လောက်ကြီးမားတဲ့ အတားအဆီးတွေရှိနေပါစေ၊ ကျွန်တော်တို့အောင်မြင်နိုင်တဲ့ စွမ်းရည်စွမ်းအားတွေ ရှိနေပါတယ်၊ ယုံကြည်ရဲရင့်ပါတယ်။

အချိန်ကာလရေစီးကြောင်းက ရပ်မနေဘူး။ အချိန်နဲ့အမျှ အားကောင်းအောင် ပိုမိုအရည်အသွေးကောင်းမွန်မြင့်မားအောင် တက်ညီလက်ညီကြိုးစားအားထုတ်ကြရင် လက်တွေ့ကောင်းကျိုးတွေ ရလာမှာ သေချာပါတယ်။ ပြိုင်တူတွန်းရင် ရွေ့ပါတယ်။ စိတ်ကောင်းရှိဖို့က ပထမ မဟုတ်လား။ ။

★ ကျောဖုံးမှ

အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံအကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲ သို့မဟုတ် နိုင်ငံအကြီးအကဲကို ကိုယ်စားပြုမည့် ပြည်ထောင်စုဝန်ကြီးအဆင့်ပုဂ္ဂိုလ်က ပါဝင်တက်ရောက်နိုင်ရေးကိုသာ မြန်မာနိုင်ငံက လက်ခံမည်ဖြစ်ကြောင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းပြန်ထားပြီးဖြစ်ပါသည်။

အာဆီယံအစည်းအဝေးများတက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့အကြား အမြင်မတူမှုများ၊ အာဆီယံ ပဋိညာဉ်စာတမ်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်အချို့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက် ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန်အတွက်လည်း အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်**

# မရမ်းကုန်းမြို့နယ်အတွင်း အဆင့်မြင့်အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၇ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ် (၇) ရပ်ကွက်၊ ပြည်လမ်းနှင့် ပါရမီလမ်းထောင့်တွင် အင်းလျားကန်သို့ဝင်ရောက်သည့် ရေဆင်းမြောင်းနှင့် ရေစစ်ကန် မြေထိန်းနံရံတည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ စစ်ဆေးပြီး ရေဆင်းမြောင်း မြေထိန်းနံရံအပြင် ရေစစ်ကန်ကိုလည်း တစ်ပေအမြင့် အုတ်နံရံ ဆက်လက်တည်ဆောက်သွားရေး၊ ကမ်းစပ်မှ ကန်အတွင်းသို့ ငါးပေအရှည် ခိုင်ခံ့သည့် တုတ်ခတ်သွားရေးနှင့် အမှိုက်နှင့် ဒိုက်များ ဆယ်ယူသွားရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်ပေါင်သို့ သွားရောက်၍ သန့်စင်ခန်းဆောက်လုပ်ရန် မြေနေရာအား ရွေးချယ်သတ်မှတ်ပေးပြီး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်နှင့် ကန်ပေါင်နှင့် သန့်စင်ခန်းကို ဆက်သွယ်မည့် အတက်အဆင်းလှေကား ပြုလုပ်ပေးရန် မှာကြားသည်။ ထို့နောက် ကန်ပေါင်အတိုင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုများနှင့် မြကျွန်းသာထောင့်တွင် အများသုံးသန့်စင်ခန်း ဆောက်လုပ်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ညောင်တုန်းမြို့၌ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး အလုံး ၄၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံ စမ်းသပ်ထုတ်လုပ်

**ညောင်တုန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၂)ရပ်ကွက် မြတောင်ကျောင်းတိုက်အတွင်း တည်ဆောက်လျက် ရှိသော အောက်ဆီဂျင် စက်ရုံအတွက် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများအား ညောင်တုန်းမြို့သို့ စက်တင်ဘာလကုန်ပိုင်းက ရောက်ရှိလာပြီး အောက်ဆီဂျင်များကို အောက်တိုဘာလဆန်းပိုင်းမှ စတင်ကာ စမ်းသပ်ထုတ်လုပ် လည်ပတ်နေပြီဖြစ်သည်။

မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါနှင့် အောက်ဆီဂျင် လိုအပ်နေသော လူနာများအား အမြန်ဆုံး ကုသပေးနိုင်ရေး၊ အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေးတို့အတွက် We Love Nyaungdon လူမှုပရဟိတအဖွဲ့နှင့် အများပြည်သူစုပေါင်းအလှူငွေများဖြင့် နာရေးကူညီမှု၊ ပီတိပရဟိတအဖွဲ့များနှင့် ပူးပေါင်းကာ အောက်ဆီဂျင် စက်ရုံအား ဆောင်ရွက်နေခြင်း ဖြစ်သည်။

စက်ရုံတစ်ခုလုံး ပြီးစီးနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၃၀၀ ခန့် ခန့်မှန်းကုန်ကျနိုင်ကြောင်း We Love Nyaungdon လူမှုပရဟိတအဖွဲ့ အတွင်းရေးမှူး ဦးတင့်နိုင်က ပြောသည်။ ယခုအခါ အောက်ဆီဂျင်စက် စတင်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်ဆီဂျင်သန့်စင်မှု ၉၅ ဒသမ ၆ ရာခိုင်နှုန်း ထွက်ရှိပြီး အောက်ဆီဂျင် လိုအပ်လျက်ရှိသော လူနာများအား သန့်ရှင်းစင်ကြယ်စွာဖြင့် အသုံးပြုဆောင်ရွက် နိုင်တော့မည်ဖြစ်သည်။ ကျန်ရှိနေသော အဆောက်အအုံဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဆောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း We love Nyaumngdon လူမှုပရဟိတအဖွဲ့မှ အကျိုးဆောင် ကိုဉာဏ်မြင့်ရှိန်က ပြောသည်။

အောက်ဆီဂျင် စက်ရုံ တည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး အလုံး ၄၀ ထွက်ရှိမည်ဖြစ်ပြီး ညောင်တုန်းမြို့နယ်နှင့် အနီးဝန်းကျင်နေ ဒေသခံပြည်သူများအတွက်ပါ အောက်ဆီဂျင် လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်တော့မည်ဖြစ်သည်။

**ထွန်းကျော်(ညောင်တုန်း)**





## မုဒုံမြို့၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး အသိပညာပေး

**မုဒုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ လျင်မြန်ထိရောက်စွာ ဟန့်တားနိုင်ရေး၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကာကွယ်ရေးစည်းကမ်းချက်အတိုင်း လိုက်နာခြင်းဖြင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ပေးကြပါရန် အသိပညာပေးလုပ်ငန်းများကို မွန်/ မြန်မာနှစ်ဘာသာဖြင့် ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မြို့တွင်းလူစည်ကားသည့် နေရာများနှင့် ဈေးများတွင် အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီသုံးခုမှ Remdesivir Powder for Injection အခု ၁၀၀၀၀၊ Dexamethasone Tablet အခု ၃၀၀၀၊ Levogloxacin Infusion ၉၉၉၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Oximeter အခု ၁၀၀၀၀၊ Oxygen Filling Plant တစ်ခု၊ အောက်ဆီဂျင်ဆလင်ဒါ ၅၃၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၀၀၊ ဆေးဝါးမျိုးစုံ ၂၀ (၁၆၂၇၆၀ ဒသမ ၇၇ ကီလိုဂရမ်)၊ နယ်စပ် (မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ၁၀ ခုမှ နှာခေါင်းစည်း ၈၄၄၉၇ ကီလိုဂရမ်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၀၀၀၊ Disposable Cap ၁၄၀၀ ကီလိုဂရမ်၊ Medical Adhesive Tape အခု ၂၃၂၀၊ Medical Plaster အခု ၂၃၄၀၊ Syringe ၇၇၃၅၈ ခု၊ မျက်နှာအကာ ၅၅၆ ကီလိုဂရမ်၊ Shoe Cover ၇၅၄၉ ကီလိုဂရမ်၊ Gloves ၉၇၂၂ ကီလို ဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း နှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီငါးခုမှယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၅၃၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၁၂၅၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း(Mask) တန် ၃၀ တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင်ထုတ်သည့်စက်တစ်ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**





# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**
ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**လက်ခံထားရှိ**

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၉၉ ဦးနှင့် အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၁၆၇ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသမီး နှစ်ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**



# ပြည်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၅**
တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



**ဆောင်ရွက်ပေးနိုင်ခဲ့**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ဒေသခံပြည်သူ ၅၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ဒေသခံပြည်သူ ၂၀၆၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၅၇၄၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၈၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၃၂၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၉၀၃၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၂၉၇၈၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၃၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၂၂၀၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၃၆၃၈ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထို့အတူ ကျောင်းသား ကျောင်းသူများ စာသင်နှစ် တစ်နှစ်နှစ်နာမှုမရှိစေရေးအတွက် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့တို့၌ ကျောင်းသား ကျောင်းသူ ၃၃၈ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၆၄၀၀၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်နှင့် ကျွန်းစုမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၀၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၄၅၁၇ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၄၀၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၈၅၇၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသား ၅၀၀ ဆက်လက်ဝင်ရောက်

**မြဝတီ အောက်တိုဘာ ၂၅**
ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် လူဦးရေ၅၀၀ ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

နေရပ်ပြန် မြန်မာနိုင်ငံသားများအား ပြန်လည်ကြိုဆိုလက်ခံရာတွင် ယခင်က တစ်နေ့လျှင် ၂၀၀ ကို တစ်ရက်ခြား လက်ခံပေးလျက်ရှိရာ စက်တင်ဘာ ၂၆ ရက်မှစတင်ပြီး တစ်ရက်လျှင် လူဦးရေ ၅၀၀ ထိ တစ်ရက်ခြား ပြန်လည်ကြိုဆို လက်ခံပေးလျက်ရှိသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်း၊ မြဝတီမြို့ရှိ သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပြီး ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယမန်နေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၆၅ ဦးနှင့် အမျိုးသမီး ၂၃၅ ဦး စုစုပေါင်း ၅၀၀ ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# ရဝမ်အမျိုးသားဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး



**ပူတာအို အောက်တိုဘာ ၂၅**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် ပူတာအို၌ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းများနှင့် တွေ့ဆုံပွဲကျင်းပပြီး ရဝမ်အမျိုးသားဥယျာဉ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပူတာအိုမြို့ လေဆိပ်ပရဝဏ်အတွင်း/အပြင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လေဆိပ်အဆောက်အအုံများ ဆေးသုတ်နိုင်ရေးနှင့် လေဆိပ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အရိပ်ရအပင်များ၊ အလှပန်းပင်များဖြင့် လှပစွာ ပြင်ဆင်ဆောင်ရွက်နိုင်ရေးတို့အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများအား မှာကြားသည်။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုကူညီရေးအသင်းများနှင့်တွေ့ဆုံပြီး မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပူတာအိုလွင်ပြင်ဒေသအား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပူတာအိုဒေသတွင်း ဆန်ရိက္ခာဖူလုံရေးအတွက် စိုက်ဧကများတိုးချဲ့ဖော်ထုတ်နိုင်ရေးနှင့် သီးထပ်သီးနှံများ နည်းစနစ်ကျစိုက်ပျိုးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ပူတာအိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စုစုပေါင်းငွေကျပ် ၇၂ သိန်းတန်ဖိုးရှိ အိမ်သုံးအောက်ဆီဂျင်စက် ခြောက်လုံး၊ ဘာသာရေးအသင်းအဖွဲ့ ၁၃ ဖွဲ့တို့အတွက် ဆန်အိတ် ၁၃ အိတ်၊ လူမှုကူညီရေးအသင်းအဖွဲ့များအတွက် ငွေကျပ် ငါးသိန်းနှင့် ဆောင်းသီးနှံစိုက်ပျိုးမည့် တောင်သူများ၊ စပါးစိုက်တောင်သူများနှင့် ဇီထမ်းစစ်ရှောင်စခန်းတို့အတွက် ဓာတ်မြေဩဇာအိတ် ၅၀တို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်ရှိ ရဝမ်အမျိုးသားဥယျာဉ်သို့သွားရောက်ပြီး ရဝမ်ရိုးရာယဉ်ကျေးမှုကွင်းပတ်လမ်း၊ ခါကာဘိုရာဇီခန်းမဆောင်သွားလမ်းနှင့် ရဝမ်အမျိုးသားပြတိုက်သွားလမ်းများ ခင်းကျင်းဆောင်ရွက်နိုင်ရေး၊ မြေယာရှုခင်းနှင့် အလှပန်းပင်များ စိုက်ပျိုးနိုင်ရေးနှင့် ပြတိုက်အတွင်း ရဝမ်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ၊ ဂီတတူရိယာပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ပေါ့ဆ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

**ပဲခူး အောက်တိုဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂၂/၂၀၂၁)ကို Online Zoom Meeting System ဖြင့် ကျင်းပသည်။

**နှစ်ရာခိုင်နှုန်းအောက် ကျဆင်း**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားမှုနှုန်း နှစ်ရာခိုင်နှုန်းအောက်ရောက်ရှိ ကျဆင်းနေပြီဖြစ်သော်လည်း ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ပေါ့ဆ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြို့နယ်အလိုက်ရရှိသည့် ကာကွယ်ဆေး အရေအတွက်အတိုင်း သတ်မှတ်ဦးတည်အုပ်စုများ မကျန်ရှိစေရေးနှင့် ကာကွယ်ဆေး လေလွင့်မှုမရှိစေရေး ဆေးထိုးစုရပ်များအလိုက် ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရဟန်း၊ သံဃာများ၊ သီလရှင်များ၊ ကပ္ပိယများနှင့် ဝေယျာဝစ္စ ဆောင်ရွက်သူများအား ရာနှုန်းပြည့် ကာကွယ်ဆေးထိုးနှံပေးရန်၊ အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကိုလည်း ကျောင်းဖွင့်ရာသီမတိုင်မီ ကာကွယ်ဆေး အပြီးထိုးနှံနိုင်ရေး ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသီဟက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေနှင့် ကာကွယ်ဆေး ထိုးနှံပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ကိုဗစ်-၁၉ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အဖွဲ့ဝင်များက ကာကွယ်ဆေးထိုးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးက ကျောင်းသားကျောင်းသူများ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများက မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် သီးခြားလိုအပ်ချက်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ကြရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားသည်။

**ထိုးနှံပြီးစီးခဲ့**

ပဲခူးတိုင်း ဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ရည်မှန်းဦးရေ ၃၇၉၅၀၀၀ ရှိပြီး အောက်တိုဘာ ၂၄ ရက်အထိ ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၁၂၇၄၀၃၉ ဦး၊ ကာကွယ်ဆေး နှစ်ကြိမ်အပြည့် ထိုးနှံပြီးသူ ၆၆၀၉၃၆ ဦးရှိသဖြင့် ရည်မှန်းဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မိုးစပါးစံကွက် စုပေါင်းရိတ်သိမ်းပွဲ ကျင်းပ

**ကန်ကြီးထောင့် အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားကြီးကျေးရွာရှိ လယ်ဧက ၁၀၀ စံပြကွက်၌ ယနေ့နံနက်ပိုင်းက စုပေါင်းပြုလုပ်သည့် မိုးစပါးစံပြကွက် စုပေါင်းရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြည့်ရှု အားပေးခဲ့သည်။

**ကြည့်ရှုအားပေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက မိုးစပါးစံကွက်အား ကောက်ရိတ်စက်ဖြင့်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ မျိုးသန့်စပါးထုတ်လုပ်မှုအခြေအနေများ၊ မျိုးသန့်စပါးစိုက်ပျိုးရောင်းချရမှုအခြေအနေများနှင့် တစ်ဧကစပါးအထွက်နှုန်းများမေးမြန်းရာစိုက်ပျိုးဦးစီးဌာနမှတာဝန်ရှိသူများနှင့် တောင်သူများက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါရိတ်သိမ်းခဲ့သည့် လယ်ဧက ၁၀၀ စံပြကွက်၌ ဆင်းသုခ၊ ပခန်း၊ သီးထပ်ရင်၊ မော်ဘီစသည့် စပါးမျိုးများကို စိုက်ပျိုးထားပြီး တစ်ဧက စပါးအထွက်နှုန်းမှာ ၁၀၅ တင်း ထွက်ရှိခဲ့ပြီး မျိုးသန့်စပါးတစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ရောင်းချရကြောင်း သိရသည်။ **လှမင်းထွဋ်(ပြန်/ဆက်)**



## မကွေးတိုင်းဒေသကြီးအတွင်း ခန့်အပ်သည့် ဝန်ထမ်းသစ်များအား ဌာနတွင်း အခြေခံဘာသာရပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မကွေးတိုင်းဒေသကြီးအတွင်း ခန့်အပ်သည့် ဝန်ထမ်းသစ်များအား ဌာနတွင်း အခြေခံဘာသာရပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ က မကွေးမြို့ ပညာရေးဒီဂရီကောလိပ်ခန်းမ၌ ကျင်းပသည်။

**နိုင်ငံတော်အပေါ် သစ္စာရှိ**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဝန်ထမ်းသစ်သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း သင်တန်းဆရာများက မိမိဝန်ကြီးဌာနမှ စွဲကိုင်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဦးစီးဌာနအလိုက် သက်ဆိုင်သည့် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းခွင်အတွေ့အကြုံများကို သင်ကြား ပို့ချပေးသည့်အခါ အပတ်တကုတ်သေချာစွာ ကြိုးစားသင်ယူ လေ့လာသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ မိမိတို့ကို အလုပ်အကိုင် အခွင့်အလမ်းတစ်ခု သာမကဘဲ နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ပေးခဲ့သည့် ကျေးဇူးကို သိတတ်သောအားဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးသည့်အခါ နိုင်ငံတော်အပေါ် သစ္စာရှိရှိနှင့် ဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (တိုင်းဒေသကြီးဦးစီးမှူး) ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က ဌာနတွင်း အခြေခံဘာသာရပ် သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ ဝန်ထမ်းသစ်များ ဌာနတွင်း သင်တန်းအမှတ်စဉ် (၁/၂၀၂၁) ကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ရာ သင်တန်းကာလအတွင်း နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဦးတည်ချက် (၉) ရပ်၊ ဝန်ကြီးဌာနသမိုင်းနှင့် ဝန်ကြီးဌာနဖွဲ့စည်းပုံ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ပြည်သူ့အင်အားဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဝန်ထမ်းကျင့်ဝတ်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ လက်နက်မဲ့စစ်ရေးပြ ဘာသာရပ်များ သင်ကြားပို့ချဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံလှူဒါန်း

**မနီလာ အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အထောက်အကူပြုရန် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော် မနီလာသို့ ယမန်နေ့တွင် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လေဆိပ်၌ကာကွယ်ဆေးလွှဲအပ်ပွဲ အခမ်းအနားပြုလုပ်စဉ် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဟွန်ရှိလျန်က ယခုလှူဒါန်းမှုသည် တရုတ်နိုင်ငံနှင့် ပြည်သူများက ဖိလစ်ပိုင်ပြည်သူများသို့ ချစ်ကြည်ရင်းနှီးမှုကို ပြသခြင်းပင်ဖြစ်သည်ဟု သတင်းထောက်များအား ပြောကြားသည်။

ဤကာကွယ်ဆေးသည် ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သလို ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူအရေအတွက်ကိုလည်း မြင့်တက်စေမည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်တာဝန်ရှိသူများက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံက ဖိလစ်ပိုင်နိုင်ငံသို့ ကာကွယ်ဆေး ထပ်မံလှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ယင်းလှူဒါန်းမှုကို အလွန်အရေးကြီးသည့် ကူညီပံ့ပိုးမှုတစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က တရုတ်နိုင်ငံက ပထမဆုံးတင်ပို့သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို လက်ခံရရှိခဲ့ပြီး မတ် ၁ ရက်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်လာခဲ့သည်။

ဖိလစ်ပိုင်အစိုးရသည် ယခုနှစ်ကုန်ပိုင်းတွင် လူဦးရေသန်း ၇၀ ခန့်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားသည်။ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၂၅ သန်းကျော်ရှိပြီး ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူ ၅၅ သန်းကျော်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံသည် အမျိုးမျိုးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကုမ္ပဏီများမှ ကာကွယ်ဆေး အလုံးရေ ၈၇ ဒသမ ၆၇ သန်းကျော်လက်ခံရရှိခဲ့ပြီး တရုတ်နိုင်ငံထံမှ အများဆုံးလက်ခံရရှိသည်။ လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂ ဒသမ ၇၅ သန်းကျော်ရှိပြီး ယင်းတို့အနက် ၄၁၇၉၃ ဦး သည် ထိုရောဂါဖြင့် သေဆုံးခဲ့သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - ဂျေတီ**

# ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများဖြေလျှော့

**တိုကျို အောက်တိုဘာ ၂၅**

ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် အနီးပတ်ဝန်းကျင် ဒေသများအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျဆင်းလာသဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို ဖြေလျှော့ပြီး စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုကြောင်း တိုကျိုဒေသန္တရအစိုးရက ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများအတိုင်း လိုက်နာပါက ဖွင့်လှစ်ထားသော စားသောက်ဆိုင်များသည် ၎င်းတို့၏ ဆိုင်ဖွင့်လှစ်သည့်အချိန်ကို လျှော့ချရန် မလိုအပ်ကြောင်း သိရသည်။

သို့ရာတွင် စားသောက်ဆိုင်များ၌ လူအုပ်စုလိုက် လာရောက်စားသောက်သူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးကြောင်း လက်မှတ်ပြသရမည်ဖြစ်သည်။

တိုကျိုမြို့နှင့် အနီးပတ်ဝန်းကျင် ဒေသများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို နိုဝင်ဘာလကုန်အထိ ချမှတ်ထားမည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ ၎င်းဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာမည်ကို ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ဒေသခံများအနေဖြင့် အိမ်ပြင်ထွက်၍ ညစာစားခြင်းနှင့် လူစုလူဝေးများ ပြုလုပ်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်မြင့်တက်လာမည်ကို တာဝန်ရှိသူများက စိုးရိမ်နေကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-စိုးသူရ**






# တောင်ကိုရီးယားနိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ဖြေလျှော့ပေးမည်

**ဆိုးလ် အောက်တိုဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ အစိုးရသည် နိုင်ငံအတွင်းရှိ ပြည်သူအများအပြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို တဖြည်းဖြည်းဖြေလျှော့ပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ယခုလအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၀ ကျော်ရှိနေစဉ်မှာပင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို တဖြည်းဖြည်း ဖြေလျှော့ပေးခြင်းဖြင့် လူမှုဘဝ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိရန် မျှော်လင့်ထားကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံသည် လာမည့်လမှစတင်ကာ ဘားဆိုင်များနှင့် စားသောက်ဆိုင်များနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု အခြေအနေပေါ်မူတည်၍ လူအများအပြားစုဝေးခွင့်နှင့် လူအများအပြား တက်ရောက်မည့် အခမ်းအနားများကို ကျင်းပခွင့်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၄၃ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ အောက်တိုဘာ ၂၅**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၆၆ ဦးရှိခြင်းကြောင့် ကူးစက်ခံရသူစုစုပေါင်း ၂၄၃၁၇၁၆ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၆၆ ဦးအနက် ၅၆၄၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၂ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်ပြန်သည့်အချက်အလက်များက ဖော်ပြထားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆ ဦး ထပ်တိုးလာသဖြင့် သေဆုံးသူစုစုပေါင်း ၂၈၄၀၀ ရှိလာကြောင်း သိရသည်။ အလားတူ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၈၇၈ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၂၃၂၇၃၆၉ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၇၅၉၄၇ ဦးရှိကြောင်း၊ ယင်းတို့အနက် ၆၀၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၃၀၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၇၇ ဒသမ ၇ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်းနှင့် ၇၂ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

## ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာခြင်းကြောင့် ပေကျင်းမာရသွန်ပြိုင်ပွဲ ရွှေ့ဆိုင်း

**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်လာသည့်အတွက် ပေကျင်းမာရသွန်ပြိုင်ပွဲကို ရွှေ့ဆိုင်းထားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပေကျင်းမာရသွန်ပြိုင်ပွဲရွှေ့ဆိုင်းခြင်းသည် တရုတ်နိုင်ငံ၏ ထိပ်တန်းကျန်းမာရေး တာဝန်ရှိသူများက လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါသည် ထပ်မံပျံ့နှံ့လာဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း သတိပေးခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လက်ရှိတွင် တရုတ်နိုင်ငံ၏ ပြည်နယ် ၁၁ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၃ ဦးကျော်ရှိကြောင်းနှင့် အဆိုပါ ကူးစက်ခံရသူများသည် ကူးစက်မြန် ဒယ်လ်တာ ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

၁၉၈၁ ခုနှစ်မှစတင်ကာ ပုံမှန်ကျင်းပလာခဲ့သည့် ပေကျင်းမာရသွန်ပြိုင်ပွဲသည် တရုတ်နိုင်ငံ၏ အကြီးဆုံးသော ဒေသတွင်း အားကစားပြိုင်ပွဲဖြစ်ကြောင်းလည်း သိရသည်။ ယခုနှစ်အတွင်း ကျင်းပမည့် ပေကျင်းမာရသွန်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားပြီး မာရသွန်ပြိုင်ပွဲ၌ လူပေါင်း ၃၀၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

မာရသွန်ပြိုင်ပွဲဝင်မည့် အပြေးသမားများ၊ ဝန်ထမ်းများနှင့် ဒေသခံများ၏ ကျန်းမာရေးကို ထိရောက်စွာကာကွယ်နိုင်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန် အလို့ငှာ ပေကျင်းမာရသွန်ပြိုင်ပွဲကို ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း မာရသွန်ပြိုင်ပွဲစီစဉ်သူများက ပြောကြားသည်။

ကိုးကား - ဘီဘီစီ
ဘာသာပြန် - အလင်းသစ်





## သီရိလင်္ကာနိုင်ငံက ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်

**ကိုလံဘို အောက်တိုဘာ ၂၅**

သီရိလင်္ကာနိုင်ငံသည် ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီ၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များအား နိုင်ငံအတွင်းသို့ လာရောက်ရန် ဆွဲဆောင်လျက်ရှိပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သီရိလင်္ကာ ခရီးသွားလုပ်ငန်းဝန်ကြီး ပရာဆာနာ ရာနာ တန်ဂါက ယနေ့ပြောကြားသည်။

အဆိုပါနိုင်ငံများမှ ခရီးသည်များအား ရည်ရွယ်သည့် အထူးခရီးသွားလုပ်ငန်း မြှင့်တင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအား ညွှန်ကြားထားကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် ကာဇက်စတန်၊ ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းဒေသမှ ကမ္ဘာလှည့်ခရီးသည်များကိုလည်း သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း စက်တင်ဘာလက ကမ္ဘာလှည့်ခရီးသည် အရေအတွက်အများဆုံးအဖြစ် ၁၃၅၄၇ ဦး ရောက်ရှိခဲ့သည်။ သီရိလင်္ကာနိုင်ငံ၌ အသွားအလာကန့်သတ်မှုများချမှတ်ခြင်းနှင့် နယ်စပ်ဒေသများ ပိတ်ထားခြင်းကြောင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ လေးသန်းနီးပါးခန့်အား အကျိုးသက်ရောက်မှုများရှိခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## ရုရှားနိုင်ငံရှိ မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များ ပြန်လည်ချမှတ်မည်

**မော်စကို အောက်တိုဘာ ၂၅**

ရုရှားနိုင်ငံ၏ ပထမအကြီးဆုံးမြို့တော်ဖြစ်သည့် မော်စကိုမြို့နှင့် ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့တို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထပ်မံမြင့်တက်လာသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို ပြန်လည်ချမှတ်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရုရှားနိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည်အောက်တိုဘာလလယ်ပိုင်းမှ စတင်ကာ ၃၀၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ပြီး အောက်တိုဘာ ၂၃ ရက်တွင်မူ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၀၀၀ အထိ မြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရုရှားနိုင်ငံတစ်ဝန်း၌ လုပ်ငန်းဆောင်ရွက်မှုများကို အောက်တိုဘာ ၃၀ ရက်မှ စတင်ကာ နိုဝင်ဘာ ၇ ရက်အထိ ခေတ္တရပ်ဆိုင်းထားရန် အမိန့်ကို ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အများဆုံးဖြစ်သည့် မြို့တော်မော်စကိုကမူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်တက်နေသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များကို အောက်တိုဘာ ၂၈ ရက်မှစတင်ကာ ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် အောက်တွင် နိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အလင်းသစ်





## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၄၇ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၅**

အာဖရိကတိုက်၌ ယမန်နေ့ မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၈၄၆၇၆၃၅ ဦးရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေး အေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၁၆၉၈၀ ရှိလာကြောင်း သိရသည်။ လက်ရှိတွင် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၈၅၇၃၈၄ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ဒုတိယအများဆုံး ဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

# တောင်ကိုရီးယားက အီရန်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လှူဒါန်းမည်




**ဆိုးလ် အောက်တိုဘာ ၂၅**

တောင်ကိုရီယားနိုင်ငံက အီရန်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးလှူဒါန်းမည်ဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအနေဖြင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ တစ်သန်းကို အောက်တိုဘာ ၂၇ ရက်တွင် ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

ယခု လှူဒါန်းမှုသည် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုကို ရည်ညွှန်းပြီး တောင်ကိုရီးယားနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်မှုပင်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယခုလအစောပိုင်းက AstraZeneca ကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းကို ဗီယက်နမ်နိုင်ငံသို့ လှူဒါန်းခဲ့ပြီး ၎င်းကာကွယ်ဆေးအလုံးရေ ၄၇၀၀၀၀ ကို ထိုင်းနိုင်ငံသို့ လှူဒါန်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄ ဒသမ ၁၈ သန်းကျော်ရှိလာ



**နယူးဒေလီ အောက်တိုဘာ ၂၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၃၀၆ ဦးရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၄၁၈၉၇၇၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄၃ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၅၄၇၁၂ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအများဆုံးမှာ ကီရာလာပြည်နယ်ဖြစ်ကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကီရာလာပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆၃ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၁၆၇၆၉၅ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၇၆၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၃၅၆၇၃၆၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၈၅ သန်းကျော်ရှိလာ

**အန်ကာရာ အောက်တိုဘာ ၂၅**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၇၉၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၈၅၁၈၀၅ ဦးရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၉၅ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူစုစုပေါင်း ၆၉၁၁၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၄၄၀၃ ဦးရှိကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၅၅ ဒသမ ၁၆ သန်းကျော်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ စုစုပေါင်း ၄၈ ဒသမ ၁ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၁၁၅ ဒသမ ၂၅ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၅ ဦး ထပ်မံတွေ့ရှိ



**မနီလာ အောက်တိုဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၀၅ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၂၇၆၁၃၀၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ၁၄၉ ဦးမှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၄၁၉၄၂ ဦးရှိလာကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ကျဆင်းနေသော်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး စည်းမျဉ်းများကို လိုက်နာကာ လူစုလူဝေးပြုလုပ်သော နေရာများကိုလည်း ရှောင်ကြဉ်ကြရန် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကင်းစင်သွားပြီဟု ပြော၍မရနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံတွင် အားလပ်ရက်ရာသီ နီးကပ်လာပြီဖြစ်သဖြင့် လူစုလူဝေးများ ပြုလုပ်လာနိုင်သောကြောင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာကြရန် နိုင်ငံသားများအား တိုက်တွန်းကြောင်း ၎င်းက ပြောကြားသည်။ လူဦးရေ သန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၄၄၅၃၉၀၄၅ | ဦး |
| သေဆုံးသူ | ၄၉၆၆၁၈၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၂၁၅၅၁၇၄၂ | ဦး |

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


တိန့်ယိမ်း၊ ခေါဇုန်း၊ ဘောမ်ယိမ်း၊ ဇော်ဆိုင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် ဇန်းမော်မြို့နယ် စီဟဲကျေးရွာအနီး ဇန်းမော်-မန္တလေးသွားကားလမ်းတွင် တိန့်ယိမ်းမောင်းနှင်ပြီး ခေါဇုန်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၅၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၆၂၆၅ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဇန်းမော်မြို့ မြို့မရပ်ကွက် ကမ်းနားလမ်းတွင် ဇော်ဆိုင်းနှင့် ဘောမ်ယိမ်းတို့ကို ဆိုင်ကယ်တစ်စီးနှင့်အတူလည်းကောင်း၊ ယင်းနေ့ နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် တောရကျောင်းလမ်းရှိ စားသောက်ဆိုင်သို့ ဝင်ရောက်ရှာဖွေရာ သိန်းဇော်ဦး၊ မြင့်မောင်၊ မခိုင်သဇင်ဦးတို့ကို တွေ့ရှိရပြီး သိန်းဇော်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း။

ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် ရေး- ထားဝယ်သွားကားလမ်း မိုင်တိုင်အမှတ် (၈၁/၆)အနီးတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မင်းဌေးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၆၉၅ ပြားကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် မော်လမြိုင်- ကျိုက္ခမီလမ်းတွင် မသင်္ကာဖွယ် ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ကျော်ဇင်သန့်၊ သိန်းမြင့်နှင့် အောင်ကျော်ထွန်းတို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကိုလည်းကောင်း။

အလားတူ အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပဲခူးမြို့ အမှတ်(၉)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းတွင် မင်းကိုကိုဇော် မောင်းနှင်ပြီး မင်းသူလင်းနှင့် ဘိုဘိုဝင်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၃၈ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တရားမဝင်သစ် ၁၁၆ တန်ကျော် သိမ်းဆည်းရမိ



**နေပြည်တော် အောက်တိုဘာ ၂၅**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၇၅ ဒသမ ၉၇၇၇ တန်၊ သစ်မာ ၁၀ ဒသမ ၃၇၅၇ တန်၊ အခြား ၂၉ ဒသမ ၆၄၇၇ တန် စုစုပေါင်း ၁၁၆ ဒသမ ၀၀၁၁ တန်၊ တရားခံ ၄၅ ဦး၊ ယာဉ်/ယန္တရား ၁၈ စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## မိုင်းရယ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မိုင်းရယ် အောက်တိုဘာ ၂၅**
ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၌ ယနေ့ နံနက် ၁၁ နာရီခန့်က အမှတ်(၂၃) မူးယစ်တပ်ဖွဲ့စု (တန့်ယန်း) မှဦးစီး၍ မိုင်းရယ်မြို့နယ်မှ ပူးပေါင်းအဖွဲ့သည် မိုင်းရယ်-လားရှိုးသွား ပြည်ထောင်စုကားလမ်းမ ဟိုယကျေးရွာအလွန် မိုင်တိုင်(၃၉/၅)အနီးတွင် မိုင်းရယ်မြို့နယ် ဟိုယကျေးရွာမှ လားရှိုးမြို့သို့ မောင်ကျနူး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ အား ရှာဖွေသိမ်းဆည်းရမိခဲ့သဖြင့် မောင်ကျနူးအား မိုင်းရယ် မြို့မရဲစခန်းတွင် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရေး ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ဟိုပင်**

ကချင်ပြည်နယ် ဟိုပင်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး သင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက ဟိုပင်မြို့မြို့တော်ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ဟိုပင်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ဟိုပင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးအောင်သူနှင့် ဆရာ ဆရာမများက ကြီးကြပ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် ကျောင်းသား ကျောင်းသူ ၁၀၅ ဦးတို့အား ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မိုဃ်းကျ (မြစ်ကြီးနား)**

---

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ်နှင့် အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၉ နာရီမှစ၍ အထက(၁) ယုဇနခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၇၇ ဦးတို့အား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးဇော်လှဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

---

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ အခြေခံပညာကျောင်းများ တွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာကျောင်း များတွင် စတင်ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင် များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကျန်းမာ ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရ သည်။

**ဝေယံဖြိုး (ပြန်/ဆက်)**

---

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်းရှိ အသက် ၁၂ နှစ် နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက အထက (တလုတ္တော်)ကျောင်းနှင့် အထက(ဓမ္မိ )ကျောင်းတို့၌ နဝမမြောက် နေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာ၌ မြို့နယ် အတွင်းရှိ ဆေးထိုးရန်လျာထားသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူအရေအတွက်မှာ အလယ်တန်းကျောင်း ၇၁ ကျောင်းမှ ၉၄၂၆ ဦး၊ အထက်တန်းကျောင်း ၄၃ ကျောင်းမှ ၃၇၆၈ ဦး စုစုပေါင်း ၁၃၁၉၄ ဦးဖြစ်ကြောင်း၊ ယမန်နေ့အထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၈၅၂၇ ဦးတို့အား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးနိုင်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ သိရသည်။

**ကိုဇော်(ဟသ်ာတ)**

---

**ပင်လောင်း**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ အခြေခံပညာကျောင်းများတွင် ပညာသင်ကြား လျက်ရှိသည့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ ကျောင်းသား ကျောင်းသူ များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက အထက(၂) ဆေးထိုးစုရပ်တွင် ဆက်လက်ထိုးနှံ ပေးလျက်ရှိသည်။

ပင်လောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၄ ကျောင်းတို့တွင် ကျောင်းအပ်နှံ ထားသည့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အထိ အခြေခံပညာအလယ်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၇၃၆ ဦးနှင့် အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၆၅၈ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၃၉၄ ဦးတို့အား ဆေးထိုးစုရပ်ငါးနေရာတွင် ထိုးနှံပေး သွားမည်ဖြစ်သည်။

**ထွန်းလင်း (ပင်လောင်း)**



ပင်လောင်း






## အမ်းမြို့နယ်၌ အသက် ၅၅ နှစ်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ

**အမ်း အောက်တိုဘာ ၂၅**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ အသက် ၅၅ နှစ်အထက်နှင့် ဦးတည်အုပ်စုအကျုံးဝင်သည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်အဖြစ် ပြန်လည်ထိုးနှံပေးခြင်းကို ရွှေအမ်းတောင်ခန်းမနှင့် မြို့နယ်အတွင်းရှိ သတ်မှတ်ထားသော ဆေးထိုးစုရပ် ကိုးနေရာ၌ ယနေ့နံနက်၈နာရီက စတင်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်အဆင့် ကိုဗစ်-၁၉ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် /ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးသည်။

အမ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂၂၇၄ လုံးကို ဒုတိယအကြိမ်အဖြစ် ရဟန်း၊ သံဃာတော်များ၊ အသက် ၅၅ နှစ်အထက်ရှိသူများနှင့် ဦးတည်အုပ်စုအကျုံးဝင်သည့် ပြည်သူများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စိုးမင်းထွန်း(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေး

**ဆီဆိုင် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု ကာကွယ်တားဆီးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသည့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ပထမအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီက သတ်မှတ်စုရပ်နေရာများ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် စာရေးတို့ပူးပေါင်း၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိသည်။

**မျိုးမြတ်(ဆီဆိုင်)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

**ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းသား/သူ၊ ဆရာ/မ၊ ရုံးဝန်ထမ်းများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များလိုအပ်ပါက ပံ့ပိုးနိုင်ရေး စီစဉ်ထားရှိရန်၊

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အပူချိန်တိုင်းကိရိယာ၊ ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ အမှိုက်ပုံး၊ ပိုးသတ်သန့်စင်ဆေးရည်၊ PPE ဝတ်စုံ၊ လက်အိတ် စသည့်ပစ္စည်းများ လုံလောက်အောင် စုဆောင်းထားရန်နှင့် အရေးပေါ်ဆေးသေတ္တာများ အဆင်သင့်ပြင်ဆင်ထားရန်၊

၃။ ကျောင်းမလာမီ၊ ကျောင်းချိန်အတွင်း၊ ကျောင်းဆင်းချိန်လိုက်နာရန် နှိုးဆော်ချက်များ ကျောင်းဝင်း အဝင်ဝ၌ ချိတ်ဆွဲထားရန်၊

၄။ ကျောင်းဝင်းအတွင်း ရေနှင့် မိလ္လာစနစ် ကောင်းမွန်စေရေး စီစဉ်ထားရှိရန်၊

၅။ စာသင်ဆောင်၊ ကျောင်းဝင်းသန့်ရှင်းရေးကို သောကြာနေ့တိုင်း ဆောင်ရွက်ရန်၊

၆။ စာသင်ခန်းအတွင်း စာသင်ခုံများ (၄)ပေကွာထားရှိရန်၊ သန့်စင်ခန်းသွားလမ်းများနှင့် ကျောင်းဝင်းအဝင်လမ်းများ၌ (၄)ပေကွာ အမှတ်အသားများ စီစဉ်ထားရှိရန်၊

၇။ ကျောင်းဝင်းအဝင်ဝ၊ စာသင်ခန်းရှေ့များနှင့် သန့်စင်ခန်းများ၌ လက်ဆေးရန်ဘေစင်များတွင် ဆပ်ပြာနှင့် ရေပြည့်စုံစွာ စီစဉ်ထားရှိရန်၊

၈။ ကျောင်းမုန့်ဈေးဆိုင်များတွင် ပလတ်စတစ်အကာ (သို့) မှန်အကာထားရှိစေပြီး သန့်ရှင်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၉။ အမှိုက်ကန်ထားရှိခြင်း (သို့မဟုတ်) အမှိုက်သိမ်းစနစ်ကို စနစ်တကျဆောင်ရွက်ရန်၊

၁၀။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှု အခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4) လမ်းညွှန်ချက်များနှင့်အညီ ကျောင်းနှင့် စာသင်ခန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လမ်းညွှန်ချက်များအား အလေးထား လိုက်နာစေရေး စီစဉ်ဆောင်ရွက်ရန်၊

၁၁။ ကျောင်း၏ဘက်စုံတိုးတက်ရေး၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာလူထု၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

၁၂။ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မြင်သာသောနေရာတွင် ချိတ်ဆွဲထားရန်၊


၁၃။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

ကမ္ဘာ့လေဖြတ်ရောဂါနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# လေငန်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ရေးနည်းလမ်းကောင်းများ

ပေါက်ပေါက်

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး စတင်တည်ထောင်သည့် ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတကာက "ကမ္ဘာ့လေဖြတ်ရောဂါနေ့" "World Stroke Day"အဖြစ် သတ်မှတ်ကာ WHO နှင့်လက်တွဲ၍ ကမ္ဘာတစ်ဝန်းရှိပြည်သူများ လေဖြတ်ရောဂါခံစားရမှု လျော့ကျစေရန်အတွက် ကာကွယ်ခြင်း၊ ကုသခြင်း၊ ပညာပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဦးနှောက်သွေးကြောပေါက်ခြင်းကြောင့် လေဖြတ်ရသလို ဦးနှောက်သွေးကြောပိတ်ဆို့ခြင်းကြောင့်လည်း လေဖြတ်ခြင်းကို ဖြစ်စေပါသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် လေဖြတ်/လေငန်းရောဂါ ဖြစ်ပွားနှုန်းများပြားနေပြီး လေ့လာမှုမှတ်တမ်းများအရ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းက လေးဆ၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းက တစ်ဆရှိကြောင်း လေ့လာသိရသည်။




### လေငန်းရောဂါ ကြောက်စရာ

လေဖြတ်ခံရသူများသည် အသက်ဆုံးရှုံးလျှင်ဆုံးရှုံး၊ မဆုံးရှုံးသော်ငြား စကားမပြောနိုင်တော့ခြင်း၊ လမ်းမလျှောက်နိုင်ဘဲ အိပ်ရာထဲလဲနေခြင်း၊ လမ်းလျှောက်နိုင်သော်လည်း တရွတ်ဆွဲနေခြင်း၊ မျက်နှာတစ်ခြမ်းစောင်း၊ ပါးစပ်ရွဲ့ခြင်း၊ စကားပြောမပီသဘဲ အာလေးလျှာလေးဖြစ်ခြင်း စသည်ဖြင့် ဒုက္ခိတဘဝရောက်ကြရသည်။ ယခင်လို အကောင်းပကတိပြန်ဖြစ်ရန်အခွင့်အရေး လွန်စွာနည်းပါးပြီး ကံကောင်း၍ အကောင်းပကတိဖြစ်သည့်တိုင် နောက်ထပ်တစ်ဖန် လေပြန်ဖြတ်လာနိုင်ပါသေးသည်။ အသက်ကြီးရင့်လာသည်နှင့်အမျှ လေဖြတ်နှုန်းက တဖြည်းဖြည်းမြင့်တက်လာပြီး ပျမ်းမျှအသက် (၄၅) နှစ်မှ (၈၅) နှစ်အတွင်း အသက်ဆယ်နှစ်တိုးသွားတိုင်း လေဖြတ်ရန်အခွင့်အလမ်း နှစ်ဆတိုးလာနိုင်ပါသည်။

ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးလည်ပတ်မှုညီညွတ်မှုတနေပါက လေငန်းရောဂါမဖြစ်နိုင်ပေ။ ထိုသို့သွေးများ ကောင်းစွာလည်ပတ်နိုင်ရန်အတွက် နှလုံးကျန်းမာနေဖို့ အထူးလိုအပ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နှလုံးကျန်းမာရေးက လေငန်းရောဂါနှင့် တိုက်ရိုက်ဆက်နွှယ်နေပါသည်။ လေဖြတ်ခြင်းဝေဒနာသည် အသက်အရွယ်ကြီးရင့်သူများတွင်သာ ဖြစ်ပေါ်ခံစားရခြင်းမဟုတ်ဘဲ ကလေးငယ်များမှာလည်း ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ ကလေးလေဖြတ်ဝေဒနာသည်အများစုမှာ ဦးနှောက်အတွင်းမှ သွေးကြောတစ်ခု ပိတ်ဆို့သွားခြင်းကြောင့် လေဖြတ်ဝေဒနာဖြစ်ပေါ်ခံစားရလေ့ရှိသည်။ အမေရိကန်ပြည်ထောင်စုရှိ နှလုံးကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်း၏ လေ့လာဆန်းစစ်မှုများအရ သက်ကြီးပိုင်းအရွယ်ရောက်ချိန်၌ ခြေထောက်တစ်ဖက်တည်းပေါ် စက္ကန့် ၂၀ ကြာ မယိုင်မလဲဟန်ချက်ညီအောင် ခက်ခက်ခဲခဲကြိုးစားရှန်းကန်ရလေလေ ထိုသူများတွင် လေဖြတ်နိုင်ခြေအခွင့်အလမ်းပိုများလေဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် ခြေထောက်တစ်ဖက်တည်းပေါ် စက္ကန့် ၂၀ ကြာ ရပ်ကြည့်ခြင်းနည်းဖြင့် မိမိကိုယ်ကို လေဖြတ်နိုင်ခြေ ရှိ၊ မရှိ ကြိုတင်၍ ခန့်မှန်းနိုင်ပါသည်။

**ခန္ဓာကိုယ်ကြီးတစ်ခုလုံး သွေးလည်ပတ်မှုညီညွတ်မှုတနေပါက လေငန်းရောဂါမဖြစ်နိုင်ပေ။ ထိုသို့သွေးများ ကောင်းစွာလည်ပတ်နိုင်ရန်အတွက် နှလုံးကျန်းမာနေဖို့ အထူးလိုအပ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် နှလုံးကျန်းမာရေးက လေငန်းရောဂါနှင့် တိုက်ရိုက်ဆက်နွှယ်နေပါသည်။ လေဖြတ်ခြင်းဝေဒနာသည် အသက်အရွယ်ကြီးရင့်သူများတွင်သာ ဖြစ်ပေါ်ခံစားရခြင်း မဟုတ်ဘဲ ကလေးငယ်များမှာလည်း ဖြစ်ပေါ်ခံစားရနိုင်ပါသည်။ ကလေးလေဖြတ်ဝေဒနာသည်အများစုမှာ ဦးနှောက်အတွင်းမှ သွေးကြောတစ်ခု ပိတ်ဆို့သွားခြင်းကြောင့် လေဖြတ်ဝေဒနာဖြစ်ပေါ်ခံစားရလေ့ရှိ**

### အမျိုးသမီးများနှင့် လေငန်းရောဂါ

ကမ္ဘာတစ်ဝန်းပြောင်းလဲလာသည့် လူမှုရေးစနစ်များကြောင့် မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးငါးဦးလျှင်တစ်ဦးနှုန်း လေဖြတ်နိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြန်မာနိုင်ငံတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ဆေးလိပ်သောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးများ သုံးစွဲလာခြင်းတို့ ပြုလုပ်လာသည်ကို ယခင်ထက် ပိုမိုတွေ့ရှိရလာပြီး ယင်းအချက်အလက်များက အမျိုးသမီးများ လေဖြတ်ရောဂါကို ပိုမိုဖြစ်ပွားစေပါသည်။ ထို့ပြင် လေဖြတ်ရောဂါဖြစ်စေသည့် အခြေအနေများဖြစ်သော ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ သွေးကြောရောင်ရောဂါ၊ ခေါင်းကိုက်ရောဂါ၊ နှလုံးခုန်မမှန်သည့်ရောဂါနှင့် စိတ်ကျရောဂါသည် အမျိုးသမီးများတွင် လေဖြတ်နိုင်ခြေ ပို၍အဖြစ်များလေ့ရှိကြောင်းသိရသည်။ သွေးကြောဖောင်းခြင်းသည် သွေးများက သွေးကြောနံရံကို အကြိမ်ကြိမ်တိုးခြင်းကြောင့်ဖြစ်ပြီး ထိုသို့ မကြာခဏဖြစ်ပေါ်ခြင်းဖြင့် သွေးကြောနံရံပါးပြီး ပေါက်နိုင်ပါသည်။ သွေးကြောနံရံများပေါက်ထွက်ပါက လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောပေါက်ခြင်းကို ဖြစ်ပေါ်စေသည်။

### ကိုယ်ဝန်ဆောင်များလည်း လေဖြတ်နိုင်

"အမျိုးသမီးတွေဟာ သန္ဓေတားဆေးတွေ အသုံးပြုကြပြီး သဘာဝအရ ကိုယ်ဝန်ဆောင်မှုတွေကို ရှောင်လွှဲကြပါတယ်၊ ကိုယ်ဝန်သည်တွေဟာ လေဖြတ်ရောဂါဖြစ်နိုင်ခြေ ပိုများပြီး ကိုယ်ဝန်ဆိပ်တက်ခြင်း၊ အသက်ကြီးမှ ကိုယ်ဝန်ဆောင်ခြင်း၊ သွေးကြောပေါက်ခြင်း၊ နှလုံးရောဂါရှိခြင်း၊ သွေးချိုရှိခြင်းနဲ့ သွေးပျစ်ခြင်းတို့ကြောင့် ကိုယ်ဝန်သုံးလကနေ ခုနစ်လကြားမှာ လေဖြတ်ခြင်းဖြစ်ပေါ်စေနိုင်ပါတယ်" ဟု မြောက်ဥက္ကလာပဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုထားသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ လက်ရှိမြန်မာနိုင်ငံတွင် ကိုယ်ဝန်ဆောင်စဉ် လေဖြတ်ခြင်းကြောင့် သေဆုံးသူမှာ လေးရာခိုင်နှုန်းမှ ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်လာကာ လေဖြတ်ပြီး သေဆုံးသည့် လူနာ ၁၀ ဦးလျှင် ခြောက်ဦးမှာ အမျိုးသမီးများဖြစ်ကြောင်း သိရသည်။

### လေဖြတ်ခါနီး ကြိုတင်နိမိတ်များ

လေဖြတ်ခံရသူတချို့၌ ရက်လကြာရှည် တဖြည်းဖြည်းအရှိန်ယူ၍ ရောဂါကြီးထွားကာ လေဖြတ်ကြသည်။သို့သော် ဝေဒနာသည်အများစုကမူ ရုတ်ခြည်းဆိုသလို လေဖြတ်ခါနီး ကြိုတင်နိမိတ်များ ပြလာကာ လေဖြတ်လေ့ရှိကြသည်။ လေဖြတ်နိုင်မည့် ရှေ့ပြေးလက္ခဏာများမှာ ရေချိုးပြီးနောက် မျက်စိနီရဲခြင်း၊ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း၊ မျက်ခွံနှင့် မျက်နှာကြွက်သားများ ဆတ်ခနဲလှုပ်ခြင်း၊ မကြာခဏဝမ်းချုပ်ပြီး ဗိုက်ထဲတွင်လေပွခြင်း၊ ညအချိန် ထုံကျဉ်ပြီးလန့်နိုးခြင်း၊ ညအိပ်ပျော်နေစဉ် လျှာကိုက်မိခြင်း၊ ဆီး(ကျင်ငယ်) အနီရောင်သွားခြင်း၊ ပစ္စည်းများကိုင်တွယ်ရာမှာ မကြာခဏလွတ်ကျတတ်ခြင်း၊ ဖိနပ်ကျွတ်ထွက်ခြင်း၊ လက်မောင်းကိုက်ခဲပြီး လက်မတွင်ထုံကျဉ်ခြင်း၊ ခြေတရွတ်ဆွဲ၍ လေးလံခြင်း၊ စကားပြောလေးခြင်း (အာလေးလျှာလေးဖြစ်ခြင်း)၊ အသက် (၄၅) နှစ်ကျော် အမျိုးသားများ နေ့ရက်ကြာမြင့်စွာ ခြေနှင့်လက်များထုံကျဉ်ခြင်း၊ အမျိုးသမီးများသွေးဆုံးပြီးနောက် ခြေ၊ လက်များ ထုံကျဉ်ခြင်း၊ မျက်စိအမြင်ဝေဝါးခြင်း (သို့မဟုတ်) ရုတ်တရက် မှောင်မည်းသလိုဖြစ်ပြီးမှ ပြန်မြင်ရခြင်း စသည်တို့ဖြစ်သည်။

### လေငန်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နည်းလမ်းကောင်းများ

- ❖ ဆေးလိပ်နှင့် အရက်တို့ကို နှစ်ရှည်လများ စွဲမြဲသောက်ခြင်းက နှလုံးကို ဆိုးဆိုးရွားရွား ဒုက္ခပေးနိုင်သည်။ ထို့ပြင် လူမှုရေးနယ်ပယ်တွင် ထိခိုက်စေတတ်သည့် ဆေးလိပ်၊ အရက်သောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။
- ❖ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း မှန်မှန်လုပ်ခြင်း၊ ပြုပြင်ဖန်တီးကာ ဓာတ်ပြောင်းလဲထားသည့်အစားအသောက်များကို ရှောင်ရှားခြင်း၊ အာဟာရပြည့်အစားအစာများကိုသာ ရွေးချယ်စားသောက်ခြင်း၊ အဆီဓာတ်များသော အစားအစာများရှောင်ခြင်း၊ သဘာဝအော်ဂဲနစ်သစ်သီးများကိုသာ စားသောက်ခြင်း စသည့်အလေ့အကျင့်ကောင်းများကို မွေးမြူပါ။ "ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်မှ ကုသခြင်းထက် ပိုမိုကောင်းမွန်၏" ဟူသော ကျန်းမာရေးဆောင်ပုဒ်ကို အမြဲသတိရှိနေစေလိုပါသည်။
- ❖ သွေးတိုးရောဂါမဖြစ်အောင် နေထိုင်စားသောက်ပါ။ နာတာရှည်သွေးတိုးရှိသူများက သွေးတိုးအတက်အကျကို မကြာခဏတိုင်းတာစစ်ဆေးပါ။ သွေးထဲရှိ မကောင်းသော LDL ကိုလက်စထရောပမာဏ လျော့ကျအောင် မိမိအသက်အရွယ်အလိုက် သင့်တော်မည့် လေ့ကျင့်ခန်းမျိုးကို ပြုလုပ်ပေးပါ။
- ❖ သကြား၊ သကြားလုံး၊ ခရင်မ် စသည့်အချိုဓာတ်ကဲသော အစားအစာများကို မစားပါနှင့်။ ပြုပြင်ဖန်တီးထားသော သစ်သီးဖျော်ရည်များ၊ အားဖြည့်အချိုရည်များကို လျှော့သောက်ပါ။
- ❖ မကြာခဏ မူးဝေနောက်ကျိခြင်း၊ မျက်နှာ၊ လက်မောင်း၊ လက်ဖဝါးများတွင် ချွေးစေးများထွက်ခြင်း၊ မကြာခဏဆိုသလို ခေါင်းကိုက်ခြင်း၊ လမ်းလျှောက်သည့်အခါ ဖြောင့်ဖြောင့်မလျှောက်နိုင်ဘဲ ယိမ်းယိုင်ခြင်းတို့က လေငန်းရောဂါ၏ ရှေ့ပြေးနိမိတ်များဖြစ်၍ သတိပြုပါ။

### ရုတ်တရက် လေဖြတ်ခံရသည့်လူနာကို ရှေးဦးသူနာပြုစုနည်း

လေဖြတ်နေသည့်လူနာကို ဆေးရုံ၊ ဆေးခန်းသို့မပို့မီ အောက်ပါရှေးဦးသူနာပြုစုနည်းများဖြင့် အချိန်မီပြုစုထားခြင်းဖြင့် အကြောသေခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်လှုပ်မရခြင်း၊ စကားမပီသခြင်း စသည်တို့လုံးဝမဖြစ်နိုင်ကြောင်း တရုတ်ရိုးရာ အပ်စိုက်ကုသနည်းဆေးကျမ်းများတွင် အခိုင်အမာအကြံပြုထားပါသည်။ ထို့ကြောင့် မိသားစုနှင့် မိမိပတ်ဝန်းကျင်ကို ကယ်ဆယ်နိုင်ရန်အတွက်အောက်ဖော်ပြပါ ရှေးဦးသူနာပြုစုနည်းများကို လေ့လာမှတ်သားထားဖို့လိုပါလိမ့်မည်။

- ❖ လူနာကို ရွှေ့ပြောင်းသယ်မခြင်း မပြုပါနှင့်။ ထိုသို့ ချက်ချင်းရွှေ့ပြောင်းလှုပ်ရှားမှုများက ဦးနှောက်သွေးကြောငယ်များကို လျင်မြန်စွာပေါက်စေပြီး လူနာ၏ အခြေအနေကို ပို၍ဆိုးရွားသွားစေနိုင်ပါသည်။
- ❖ လူနာကို လေဖြတ်သည့်နေရာမှာပင် အသာမထူပေးပြီး ပြန်လဲမကျအောင် ဘေးကနေထိန်း၍ ထိုင်ခိုင်းထားပေးပါ။
- ❖ သတိမေ့မြောနေသည့် လူနာအတွက် လက်ချုပ်အပ် (သို့မဟုတ်) တွယ်ချိတ်ကို အရက်ပြန်ဆွတ်၍ လက်ချောင်း ဆယ်ချောင်းထိပ်ဖျားများကို (ပဲစေ့ခန့်) သွေးတစ်စက်စီထွက်လာအောင် ဖောက်၍ ညှစ်ထုတ်ပေးပါ။

စာမျက်နှာ ၁၇ သို့ ❐

# ပုဂံယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွား ၅၀၀၀ ကျော်ဖြင့် စည်ကားခဲ့



**ညောင်ဦး အောက်တိုဘာ ၂၅**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံယဉ်ကျေးမှုနယ်မြေတွင် ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်နေ့က ခရီးသွား ၅၀၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ဒေသခံလက်မှုပစ္စည်းဆိုင်များနှင့် ဈေးဆိုင်များ အရောင်းအဝယ်ပွင့်လန်းခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မြို့ကြီးများရှိ ဘုရားစေတီတို့၌ ဆီမီးပူဇော်သူတို့ဖြင့် စည်ကားပြီး တရားသံတို့ဖုံးလွှမ်းခဲ့သည့်နည်းတူ ပုဂံတွင်လည်း နေ့ချင်းပြန်ခရီးသွား၊ ညအိပ်ခရီးသွားများနှင့် ပြည်တွင်းမှနိုင်ငံခြားသားခရီးသွားတို့ဖြင့် စည်ကားခဲ့သည်။

"မနှစ်ကထက် ဒီနှစ်ပိုစည်တယ်လို့ပြောရမယ်။ သီတင်းကျွတ်လပြည့်နေ့ တစ်ရက်တည်းကို ခရီးသွား ၅၀၀၀ ကျော် ဝင်တယ်။ ကိုဗစ်-၁၉ ရောဂါ လျော့သွားတော့ စိတ်ပေါ့သွားတာလည်းပါမယ်။ နိုင်ငံရေးတည်ငြိမ်ရင် တစ်နိုင်ငံလုံး ပြန်စည်ကားနိုင်တယ်။ သီတင်းကျွတ်လပြည့်မှာ မထင်မှတ်ဘဲ စည်ကားခဲ့တယ်ဆိုတော့ လာမယ့်တန်ဆောင်တိုင်ပွဲတော်ဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့လည်း စည်ကားလိမ့်မယ်လို့နယ်ခံတွေမျှော်လင့်နေကြတာ"ဟု ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံတွင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံးလည်ပတ်သောနေရာတို့မှာ ရွှေစည်းခုံ၊ အာနန္ဒာ၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ လောကနန္ဒာ၊ မနူဟာဘုရား၊ မြစေတီ၊ ဓမ္မရံကြီးစေတီ၊ သဗ္ဗညု၊ တူရွင်းတောင်၊ တန့်ကြည့်တောင်၊ ငှက်ပစ်တောင်နှင့် အခြားသော ထင်ရှားသည့်ဘုရားစေတီများဖြစ်ပြီး တော်သလင်းလ ဘိုးတော်ထွက်ပွဲ၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်၊ နတ်တော်လ (အလိုတော်ပြည့်ဘုရားပွဲ)၊ ပြာသိုလ၊ ဝါဝင်/ဝါထွက်၊ သင်္ကြန်ကာလနှင့် နှစ်သစ်ကူးကာလတို့သည် ပုဂံယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားတို့ဖြင့် စည်ကားလေ့ရှိသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဘုရားစေတီများ လည်ပတ်မှုကို ပိတ်ထားခဲ့ရာ ဒေသခံတို့အရောင်းအဝယ်များ ရပ်ဆိုင်းခဲ့ပြီး ယခုအခါ ကိုဗစ်-၁၉ သတ်မှတ်စည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ရာ ပြီးခဲ့သည့် သီတင်းကျွတ်လပြည့်တွင် ခရီးသွားဘုရားဖူးများဖြင့် ပြန်လည်စည်ကားခဲ့ခြင်းဖြစ်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေရှိ ထနောင်းပင်တန်းတွင် အလျားခြောက်လက်မ၊ ရှစ်လက်မနှင့် တစ်ပေအရွယ်ရှိ မင်းသား၊ မင်းသမီးရုပ်သေးရုပ်၊ ဇော်ဂျီ၊ နတ်သမီး၊ နတ်သား၊ သိကြားမင်း၊ ရှင်ဘုရင်၊ မိဖုရား၊ အိမ်ရှေ့မင်းသား၊ ဖိုးဝရုပ်၊ စစ်သူကြီး၊ ဂဠုန်၊ ဆင်၊ မြင်း၊ ကိန္နရီ၊ ကိန္နရာ၊ ပုဂံသူ၊ ပုဂံသားစသော ရုပ်သေးရုပ်မျိုးစုံကိုချိတ်ဆွဲထားပြီး အရုပ်မျိုးစုံရောင်းချခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်းနှင့် လက်တွင် ပုဂံယဉ်ကျေးမှုပုံများ ရေးဆွဲခြင်းစသော ဝန်ဆောင်မှုကို ပေးလျက်ရှိသည်။ ရှစ်လက်မရုပ်သေးရုပ် တစ်ရုပ်လျှင် ကျပ် ၆၀၀၀ ဖြစ်ပြီး တစ်ပေအရွယ် အရုပ်တစ်ရုပ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် ရောင်းချကာ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားလျက်ရှိသည်။

သတင်း - ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ- ကနူး

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၁၀-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Re-tail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 2 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 3 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 4 | P.O Favipiravir 400 mg | 2x10 Tablet | 50000 | AA Medical |
| 5 | Injection - Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 6 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 7 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 8 | P.O Paracetamol 500 mg | 10x10's tablets/ Box | 1500 | AA Medical |
| 9 | P.O Dextromethophan | 10x10's | 1450 | AA Medical |
| 10 | P.O Bromhexine | 10x10's tablets/ Box | 1000 | Medi Myanmar |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

❐ စာမျက်နှာ ၁၆ မှ

ထိုသို့သွေးထွက်ပြီး မိနစ်အနည်းငယ်အတွင်း လူနာပြန်လည်သတိရလာပါလိမ့်မည်။

- ❖ လူနာပါးစပ်ရွဲ့သွားပါက လူနာ၏နားရွက်နှစ်ဖက်ကို နီလာသည်အထိ လက်ဖြင့်ခပ်သာသာ ပွတ်ဖိချေပေးပါ။ ပြီးနောက် နားရွက်အောက်ပိုင်း (နားပေါက်ဖောက်သည့်နေရာ)ကို အရက်ပြန်ဆွတ်ထားသော လက်ချုပ်အပ် (သို့မဟုတ်) တွယ်ချိတ်ကိုသုံး၍ နားတစ်ဖက်လျှင် နှစ်ပေါက်စီဖောက်ပေးပါ။ နားရွက်နှစ်ဖက်စလုံးမှ (ပဲစေ့ခန့်) သွေးနှစ်စက်စီ ထွက်လာပါက မိနစ်ပိုင်းအတွင်း ရွဲ့နေသောပါးစပ်ပြန်တည့်သွားပါလိမ့်မည်။

**လေဖြန်းခြင်းအတွက် မျက်နှာလေ့ကျင့်ခန်း**

- ❖ ပါးဖောင်းလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- ❖ သွားစိလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- ❖ ပါးလျှာထိုး ဘယ်ညာလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။
- ❖ နှုတ်ခမ်းစူလေ့ကျင့်ခန်းကို တစ်ခါလုပ်လျှင် ဆယ်ကြိမ်နှုန်းဖြင့် တစ်နေ့သုံးခါလုပ်ပါ။

အချုပ်အားဖြင့်ဆိုသော် လေဖြတ်လေငန်းရောဂါသည် လူတစ်ဦးမှတစ်ဦးသို့ မကူးစက်တတ်သောရောဂါဖြစ်သော်လည်း ထိုရောဂါက ဝေဒနာသည်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို အတိဒုက္ခဖြစ်စေသဖြင့် အန္တရာယ်ရှိသည့်ရောဂါဖြစ်ပြီး လူ့ဘဝသက်တမ်းကို တိုတောင်းစေပါသည်။ သုတေသနရလဒ်များအရ အကယ်၍လေငန်းရောဂါခံစားရသူတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက သာမန်လူများထက် သေဆုံးနိုင်ခြေ ၂ ဒသမ ၀၂ ဆပိုကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ မိမိကိုယ်တိုင်လည်း လေငန်းမဖြစ်အောင် နေ့စဉ်ဘဝမှာ ကျန်းမာရေးနှင့်အညီ နေထိုင်ပြုမူစားသောက်သင့်ပြီး အကယ်၍ မိသားစုထဲတွင် လေငန်းရောဂါခံစားနေရသူရှိပါက လူသားချင်း စာနာစိတ်ဖြင့် အစဉ်သဖြင့် ဖေးမစောင့်ရှောက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

■

# ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ (ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

မြင့်စိုး (န.တ.လ)

**နမ့်ဆန်သို့ ဝေဟင်ခရီး**

အချိန်ကား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက် လားရှိုးလေဆိပ်မှနေ၍ အားယူရှိန်းထလာသော ရဟတ်ယာဉ်သည် အနောက်တောင် ယွန်းယွန်းဆီသို့ ဦးတည်လျက်၊ ခရီးစဉ်၏ရည်မှန်းချက် အဆုံးကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့လေးပဲ ဖြစ်သည်။ ပျံသန်းချိန် ၂၅ မိနစ်စွန်းစွန်းမျှသာ။ ပြည်ထောင်စုဝန်ကြီးများ၏ ခရီးစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကျွန်တော် လိုက်ပါခွင့်ရခဲ့ခြင်းဖြစ်သည်။ ၁၉၉၁ ခုနှစ်က တပ်မတော်သားဘဝဖြင့် ကျွန်တော်ခြေချခဲ့ဖူးသော နမ့်ဆန်၊ PSLA အဖွဲ့နှင့်အတူ ငြိမ်းချမ်းရေးပန်းခင်းတစ်ခုကို ကျွန်တော်တို့ ပြုစုပျိုးထောင်ခဲ့ဖူးသောနမ့်ဆန်၊ ၂၂ နှစ်တည်းဟူသော အချိန်ကာလယန္တရားကြီးက ကျွန်တော်ချစ်သော နမ့်ဆန်ဒေသ၏မြင်ကွင်းများကို မပီဝိုးတဝါးဖြစ်စေခဲ့ပြီ။ ဝေဟင်မှကြည့်ရသော အခြေအနေကြောင့်လည်း ဖြစ်တန်ရာ၏။ ကျွန်တော်၏ရှေ့ခုံမှာ ထိုင်နေသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ကိုယ်တိုင် ခတ်ပုံတဖျပ်ဖျပ်ရိုက်နေရင်း ကျွန်တော့်စိတ်ကို ခန့်မှန်းနားလည်နေဘိအလား။ **“ဒါက လီလုတံတားဗျ၊ ရှေ့မှာမြင်နေရတာက ၂၁ မိုင် ဟိုမှာမြင်နေရတာ လွယ်ဆိုင်တောင်မ ”** စသဖြင့် စိတ်ရှည်လက်ရှည် ရှင်းပြသည်။ ဩော်.... သူက လမ်းပန်းဝန်ကြီးပေမို့ ဘယ်ကကြည့်ကြည့် မှတ်မိနေပါလိမ့်မည်။

ဦးစိုင်းနော်ခမ်း ညွှန်ပြသမျှနေရာများကို ၁၉၉၁ ခုနှစ်အတွင်းက အားလုံးရောက်ဖူးခဲ့ပါသည်။ လီလုချောင်းကူးတံတားမရှိသေး၊ ကူးတို့ဖောင်ဖြင့် ဖြတ်ကြရသည်။ လူတွေက သပ်သပ်၊



မန်တုံမြို့နယ် မန်တုံ-အူဆပ်-ကုန်းရောင်းကောင်းဆုံ-လွယ်ဆောင်-ပန်သျှိ-တောနေ-နမ့်ဟိုင်း(မိုင်းမော်) ၃၃/၀ မိုင် မြေသားလမ်းကို တွေ့ရစဉ်။

ကားတွေက သပ်သပ် လူးလာခေါက်တုံ့ကူးကြရသည်။ ထိုနေရာမှ နမ့်ဆန်အထိ တောက်လျှောက်အတက်လမ်း၊ ကွင်းကျယ်ကွင်းပြန့်အလွန်နည်းပါသည်။ လွယ်ဆိုင်တောင်မ ဆိုသည်ကလည်း နမ့်ဆန်ဒေသ၏ အထင်ကရ နတ်သစ်ရွက် (ခ) လက်ဖက်သမိုင်းကြောင်းကို လှစ်ဟ ညွှန်းဖွဲ့ထားသောနေရာ။

**ပျားရည်မဆမ်းသောတန့်ယန်း**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ် (၁) လှုပ်ရှားစစ်ဗျူဟာ (တန့်ယန်း) သို့ စစ်ဦးစီးမှူး (တတိယတန်း) အဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပြီး မကြာမီမှာ လက်ထပ်ခွင့်တင်ရန် ရန်ကုန်ကို အပြေးအလွှားဆင်းခဲ့သည်။ သူငယ်ချင်းများ၏အကူအညီဖြင့် ရသမျှအချိန်လေးမှာ အကျဉ်းချုံးလက်ထပ်ပြီး ဇနီးသည်ကို တန့်ယန်းသို့ ခေါ်ခဲ့သည်။ သူ့ခမျာ တန့်ယန်းမြို့ဆိုတာ အဝိုင်းလား၊ လေးထောင့်လားပင် မသိရှာဘဲ ကျွန်တော့်မျက်နှာ တစ်ရွာမက တစ်ကမ္ဘာထင်၍ သေတ္တာတစ်လုံးရွက်လျက် လိုက်ပါလာခဲ့သည်။ ပြင်ဦးလွင်ကို ခဏတက်လည်၊ ထိုမှလားရှိုးသို့ ရထားစီး၊ လားရှိုးမှ တန့်ယန်းခရီးစဉ်ကိုမူ ကုန်တင်ကားတစ်စီး၏ခေါင်းခန်းမှ လိုက်ပါခဲ့သည်။ ၁၉၈၉ ခုနှစ် ကုန်ခါနီးအချိန်မှာ တန့်ယန်း/မိုင်းရယ် ဒေသတစ်ခွင်က အေးချမ်းခဲ့ပြီ၊ ဒါကြောင့် ကုန်တင်ကားဖြင့် သွားရဲခြင်းဖြစ်၏။ (ထိုဒေသများရှိ ငြိမ်းချမ်းရေးအဖွဲ့များအကြောင်းကို သီးခြားရေးသားတင်ပြပါမည်။)

တန့်ယန်းသို့ရောက်ပြီး ရက်သတ္တပတ်မျှမကြာမီ စစ်ဆင်ရေးညွှန်ကြားချက်ဝင်လာပါတော့သည်။ အမှတ်(၁) လှုပ်ရှားစစ်ဗျူဟာတစ်ဖွဲ့လုံး တန့်ယန်းမြို့မှ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့သို့ ပြောင်းရွှေ့၍ စစ်ဆင်ရေးကွပ်ကဲရန်ဖြစ်သည်။ ကွပ်ကဲမှုအောက်တွင် တပ်ရင်းလေးရင်းပါဝင်မည်။ တပ်ရင်းလေးရင်း ပါဝင်သော်ငြားလည်း မပါဝင်ရ၊ မခေါ်သွားရသည်မှာ စစ်ဗျူဟာ မိသားစုဝင်ဇနီး၊ သားသမီးများဖြစ်သည်။ နေရေး၊ ထိုင်ရေး အုပ်ချုပ်မှုကိစ္စ အဆင်မပြေ၍ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောဘိုးသာ၏ ဇနီးအပါအဝင် မည်သူမျှ နမ့်ဆန်သို့ မလိုက်ရတော့ပါ။ ကျွန်တော်၏ ပူပူနွေးနွေးလက်ထပ်ပြီးခါစ ဇနီးသည်ကို ရန်ကုန် လမ်းကြောင်းတူသူများနှင့် ပြန်ထည့်ပေးလိုက်ရသည်။ တစ်ပတ်မပြည့်မီမှာပင် မိဘအိမ်သို့ ငိုယိုပြီး ပြန်သွားရသဖြင့် ကျွန်တော်နှင့် သူမ၏ တန့်ယန်းခရီးစဉ်သည် ပျားရည်ဝေးလို့ သကြားရည်လေးသော်မျှ ဆမ်းခွင့်မရသော ခရီးတစ်ခုပါပေ။

**ရွှေဖီရနံ့သင်းခဲ့သည်**

၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ စစ်ဗျူဟာတစ်ခုနှင့် တပ်ရင်းကြီးလေးရင်း သွင်းထားမှတော့ ပလောင်နယ်မြေ နမ့်ဆန်၊ မန်တုံဒေသတွေမှာ တိုက်ပွဲဖြစ်စဉ်များ မရှိမဟုတ်၊ ရှိခဲ့သည်။ သို့သော် ပလောင်ဒေသသည် ဘုရားကျောင်းကန် စေတီပုထိုးများစွာနှင့် ဘာသာသာသနာကို အထွတ်အမြတ်ထားသောဒေသဖြစ်၍ပဲလား၊ သို့တည်းမဟုတ် နမ့်ဆန်မြို့မကျောင်းဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်တို့၏ အရိပ်အာဝါသမေတ္တာတော်ကို ခံယူရရှိနေကြလို့ပဲလားတော့မသိ၊ တပ်နှင့် PSLA အဖွဲ့တို့ကြား တိုက်ပွဲကြီးများမဖြစ်ခဲ့။ လေယာဉ်ပစ်ကူ၊ လက်နက်ကြီးပစ်ကူဟူ၍ ဝေလာဝေး၊ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ရှိနေစဉ်အခိုက် ပလောင်ဒေသမှာ ယမ်းခိုးယမ်းနံ့တွေ ဝေခြင်းထက် ရွှေဖီရနံ့က ပို၍သင်းခဲ့သည်။ နမ့်ဆန်သည် လက်ဖက်မြို့တော်၊ မြို့အဖျားရှိ ဇယန်းကြီးရပ်ကွက်က ဇယန်းလက်ဖက်သည် နိုင်ငံကျော်။ ကျွန်တော်တို့ စစ်ဗျူဟာနှင့် တပ်ရင်းများ လီလုချောင်းကို စတင်ဖြတ်ကူးသည့်အချိန်လေးမှာပင် ဒွေးနှင့် ထက်ထက်မိုးဦးကြော်ငြာက ခေါင်းထဲသို့ အလိုလိုရောက်လာသည်။ ပင်ပျိုရွက်နုစားကြည့်ပါ .......နတ်သုဒ္ဓါပမာ .....မြန်မာဆန်ဆန်အရသာ ...ဟဟ။ ထိုစဉ်ကတော့ ချစ်စရာကောင်းသော ထက်ထက်မိုးဦး၏ ...ဟာဟ.. အမူအရာလေးထဲမှာ ကြာရှည်မနစ်မျောနိုင်၊ PSLA အဖွဲ့နှင့် ဘယ်လိုနှစ်ပါးသွားရမည်ကို မသိသေးသောကြောင့် ရွှေဖီရနံ့များကိုလည်း မရှူရှိုက်အားသေးပါ။

စာမျက်နှာ ၁၉ သို့ ☆



နမ့်ဆန်မြို့နယ် လီလုကျေးရွာနှင့် မန်ပိန်းကျေးရွာတို့သို့ ဆက်သွယ်ထားသည့် (၉၅ x ၁၂) ပေတံတားကို တွေ့မြင်ရစဉ်။

**ပလောင်ဒေသသည် ဘုရားကျောင်းကန် စေတီပုထိုးများစွာနှင့် ဘာသာသာသနာကို အထွတ်အမြတ်ထားသောဒေသဖြစ်၍ပဲလား၊ သို့တည်းမဟုတ် နမ့်ဆန်မြို့မကျောင်းဆရာတော်ကြီးအမှူးပြုသည့် သံဃာတော်အရှင်သူမြတ်တို့၏ အရိပ်အာဝါသမေတ္တာတော်ကို ခံယူရရှိနေကြလို့ပဲလားတော့မသိ၊ တပ်နှင့် PSLA အဖွဲ့တို့ကြား တိုက်ပွဲကြီးများမဖြစ်ခဲ့။ လေယာဉ်ပစ်ကူ၊ လက်နက်ကြီးပစ်ကူဟူ၍ ဝေလာဝေး၊ အမှန်အတိုင်းပြောရလျှင် ကျွန်တော်တို့ရှိနေစဉ်အခိုက် ပလောင်ဒေသမှာ ယမ်းခိုးယမ်းနံ့တွေ ဝေခြင်းထက် ရွှေဖီရနံ့က ပို၍သင်းခဲ့**

★ စာမျက်နှာ ၁၈ မှ

များမကြာမီ နမ့်ဆန်မှာ အသားကျ၍ ဒေသခံတိုင်းရင်းသားများနှင့် ရင်းနှီးချစ်ခင်မှုရလာသည်နှင့်အမျှ လက်ဖက်နှင့်ပတ်သက်သည့် တရုတ်ဒဏ္ဍာရီ တစ်ပုဒ်ကိုလည်းကောင်း၊ လွယ်ဆိုင်တောင်မှ လက်ဖက်သမိုင်းကြောင်းတို့ကိုလည်းကောင်း ကြားသိခွင့်ရခဲ့သည်။ ဒေသအတွင်းမှာတော့ ရာသီအလိုက် လက်ဖက်ခြောက်မျိုးလောက်ထွက်ကြောင်း၊ ပထမတစ်မျိုးမှာ ရွှေဖီအိုင့်နမ့်ဟုခေါ်သော နှင်းတက်ခြောက်၊ ရေချိုခြောက်ဖြစ်သည်။ ဒုတိယတစ်မျိုးမှာ သင်္ကြန်မတိုင်မီခူးရသော ရွှေဖီဦး၊ တတိယတစ်မျိုးမှာ သင်္ကြန်ကျပြီး ထပ်၍ထွက်သည့် ရိုးရိုးရွှေဖီတို့ဖြစ်ကြသည်။ နောက်တစ်မျိုးမှာ မိုးကျခါနီးခူးရသော ခါးကန့်ခြောက်ဖြစ်သည်။ ရွှေဖီချိန်မှာ မခူးဖြစ်ပါက ခါးကန့်ခြောက်ကို မရနိုင်တော့ပေ။ ပဉ္စမတစ်မျိုးမှာ မိုးဦးကျတွင်ခူးရသော ခါးဝှပ်ဆိုသော အမျိုးအစား၊ နောက်ဆုံး ဆဋ္ဌမအမျိုးအစားကတော့ မိုးတွင်းမှာ ခူးကြရသည့် ခါးန္တိုင်းဖြစ်သည်။ ရွှေဖီဦးသည်သာ အကောင်းဆုံး နတ်သစ်ရွက်တစ်ပါးဖြစ်ခဲ့၏။

**ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများ**

ရှေးဦးစွာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစောဘိုးသာနှင့် တာဝန်ရှိသူများက နမ့်ဆန်မြို့မ ဆရာတော်ကြီးထံမှ သြဝါဒခံယူခဲ့သည်။ ဒေသခံပြည်သူများအပေါ် မေတ္တာ၊ ကရုဏာရှေ့ထား၍ ကူညီစောင့်ရှောက်ပေးရန် မိန့်ကြားပါသည်။ နမ့်ဆန်ဒေသ၏အသက်သည် လက်ဖက်ဖြစ်၏။ မြစ်ဝကျွန်းပေါ်ဒေသတွင် ကျွန်တော်တို့ မူလတန်း၊ အလယ်တန်းကျောင်းသားအရွယ်၌ ဖြတ် (၄) ဖြတ်စစ်ဆင်ရေးဖြင့် ဗကပအမြစ်ဖြတ်ခဲ့သည်ကို သတိရလိုက်မိ၏။ ယခု နမ့်ဆန်ဒေသမှာ ဖြတ် (၄) ဖြတ် မလုပ်သော်ငြားလည်း၊ မြေပြင်တပ်များ ဝင်ရောက်နေမှုကြောင့် လက်ဖက်ခင်းများရှိရာသို့သွားရန် မဝံ့မရဲဖြစ်လာကြသည်။ လက်ဖက်ခူးရာသီတွေ ကျော်လွန်ကုန်မှာစိုးရသည်။ ဒါကဒေသခံပြည်သူလူထု၏အခက်အခဲ။

ဒုတိယအချက်မှာ အခြေအနေနှင့် အချိန်အခါဖြစ်သည်။ ၁၉၈၉ ခုနှစ်ထဲတွင် ကိုးကန့်၊ "ဝ"၊ မိုင်းလား အထူးဒေသ (၄)၊ SSA၊ NDA အဖွဲ့များ တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး ယခု ၁၉၉၁ ခုနှစ်ထဲမှာပင် KIA တပ်မဟာ (၄) ဦးမထုနော်အဖွဲ့နှင့် PNO ပအိုဝ်း(ဖြူ) ဦးအောင်ခမ်းထီအဖွဲ့များ ထပ်မံဝင်ရောက်လာကြသည်။ ထို့ကြောင့် ပလောင်ဒေသမှ ရဟန်းရှင်လူအပေါင်းကလည်း အခြားဒေသများနည်းတူ ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တလျက်ရှိပါသည်။ ထိုစဉ်က ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များမှာ ဦးကျော်ရင်၊ ဆရာ ဦးကျော်ဝ၊ ဦးခွန်ပွင့်တို့ဖြစ်ကြပြီး အဓိက စွမ်းဆောင်သူကတော့ လားရှိုး ထလတ (၉) မှ ကိုသုတဆွေဖြစ်ပါသည်။ မိမိတို့စစ်ဗျူဟာနှင့် PSLA အဖွဲ့တို့အကြား အကျိုးတော်ဆောင်များမှ တစ်ဆင့် ကြားခံဆက်သွယ်မှုများ ရရှိခဲ့ပြီးနောက် တပ်မတော်အစိုးရ၏ မူဝါဒများနှင့် PSLA အဖွဲ့၏လိုလားချက်များကို ညှိနှိုင်းဆွေးနွေးရန် လိုအပ်လာပါသည်။ ကိုသုတဆွေသည် PSLA အဖွဲ့ ချိန်းဆိုရာနေရာအထိ တစ်ညအိပ်နှစ်ရက်ခရီးခန့်ကို သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့သူဖြစ်ပါသည်။ အောင်အောင်မြင်မြင် ဆွေးနွေးနိုင်ခဲ့ပါသည်။ များမကြာမီရက်ပိုင်းအတွင်း PSLA အဖွဲ့မှ ဦးလွယ်ဆိုင် ခေါင်းဆောင်သောအဖွဲ့ နမ့်ဆန်မြို့သို့လာရောက်ကာ စစ်ဗျူဟာမှူးနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးကြပါသည်။

**တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာ**

ထိုမှတစ်ဆင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်သင့်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ဆောင်ရွက်ကြရသည်။ PSLA အဖွဲ့ခေါင်းဆောင် ဦးအိုက်မုန်း၊ ဦးညီလုံးတို့ဦးစီးသော တပ်ဖွဲ့ဝင်များ အာရမ်ကျေးရွာမှတစ်ဆင့် နမ့်ဆန်သို့ ဝင်ရောက်နိုင်ရေး ဘေးနံတပ်များနှင့် ညှိနှိုင်းပေးကာ ထိုနှစ်သင်္ကြန်မတိုင်မီ ရက်အနည်းငယ်အလို၌ ဖထီးဗိုလ်မှူးကြီး စောဘိုးသာကိုယ်တိုင် သွားရောက်ကြိုဆိုခေါ်ယူခဲ့ပါသည်။ အင်အား ၂၀၀ ခန့်ဖြင့် နမ့်ဆန်သို့ ရောက်ရှိလာသော PSLA အဖွဲ့ကို မြို့လူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ကာလများစွာခွဲခွာနေကြရသော အမိနှင့်သား၊ မောင်နှင့်နှမတို့ ဝမ်းသာဝမ်းနည်း ပွေ့ဖက်ငိုကြွေးနေကြသည့်မြင်ကွင်းအား ယနေ့တိုင်မမေ့ခဲ့ပါ။ PSLA အဖွဲ့အားလုံး နမ့်ဆန်မြို့မကျောင်းဆရာတော်ကြီးကို ဦးခိုက်ဖူးမြော်ခဲ့ကြသည်။ ထိုနှစ် နမ့်ဆန်တွင် ကျရောက်ခဲ့သောသင်္ကြန်ကို ကျွန်တော်က ငြိမ်းချမ်းရေးသင်္ကြန်ဟု သညာပြုခဲ့သည်။ ပလောင်တိုင်းရင်းသားသွေးချင်းများအပြင် မိမိတို့တပ်မတော်သားများ PSLA တပ်ဖွဲ့ဝင်များပါ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြ၍ ဖြစ်သည်။ သင်္ကြန်ပွဲတော်အပြီး လားရှိုးမြို့သို့ သွားရောက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် PSLA အဖွဲ့သည် ၁၉၉၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။

**ပလောင်ဒေသဖွံ့ဖြိုးတိုးတက်ရေး**

၁၉၈၉ ခုနှစ်တွင် နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းခြင်း၊ ၁၉၉၂ ခုနှစ်တွင် ဝန်ကြီးဌာနဖွဲ့စည်းခြင်း၊ ၁၉၉၃ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေများပြဋ္ဌာန်းခြင်း စသည်တို့ဆောင်ရွက်ခဲ့သည့်နည်းတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့်ဒေသများလည်း သတ်မှတ်ခဲ့ရာ ထိုအထဲတွင် ပလောင်ဒေသလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ငြိမ်းချမ်းရေး စတင်ရရှိပြီဆိုကတည်းက ဒေသခံတိုင်းရင်းသားများ နှစ်ပေါင်းများစွာ အိပ်မက်ခဲ့ရသည့် လီလုတံတား တည်ဆောက်ပေးရေးကိုဦးစားပေးစဉ်းစားခဲ့ကြသည်။ သီပေါ- နမ့်ဆန်လမ်းကို ပဆငမှ ပြုပြင်ပေးခဲ့ပြီး လီလုတံတား (ဘေလီတံတား)ကိုပါ တည်ဆောက်ပေးခဲ့သည်။

နတလက နမ့်ဆန်- မန်တုံလမ်း၊ မန်တုံ- မိုးမိတ်လမ်း၊ မန်တုံ-မုံးဝီးလမ်း၊ နမ္မတူ-မုံးဝီးလမ်း၊ နမ္မတူ-ဘော်တွင်း- မန်တုံလမ်း၊ လွယ်ဆိုင်-တောင်မလမ်း၊ မန်ကန်-လုံတောက်လမ်းများကို ပြုပြင်ဖောက်လုပ်ပေးခဲ့သည်။ အမှတ်အရဆုံး လုပ်ငန်းတစ်ခုမှာ ယနေ့ဖွံ့ဖြိုးတိုးတက်နေသော မန်တုံမြို့ဖြစ်လာစေဖို့အတွက် မန်တုံကျေးရွာကို မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်အောင် တိုင်းတာတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် နမ့်ဆန်ဆေးရုံရရှိပြီးဖြစ်သော်လည်း မန်တုံနှင့် မုံးဝီးတွင် တိုက်နယ်ဆေးရုံများ ဖွင့်လှစ်ပေးပြီး ဆေးပေးခန်းနှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲလေးခုကိုလည်း ထပ်မံဖွင့်လှစ်ပေးခဲ့သည်။ ပညာရေးကဏ္ဍ မြှင့်တင်ပေးရန်အတွက် ကျောင်းများဖွင့်လှစ်ပေးခဲ့ရာ ယနေ့အချိန်တွင် အ.ထ.က နှစ်ကျောင်း၊ အ.လ.က ခြောက်ကျောင်း၊ အ.မ.က ၁၀ ကျောင်းကို န.တ.လအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့်လည်း အခြေခံကျောင်းများ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

**ဒေသဖွံ့ဖြိုးရေး တိုးမြှင့်ဆောင်ရွက်**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် အထူးဝမ်းမြောက်ဖွယ်လုပ်ငန်းတစ်ခုမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက နမ့်ဆန်မြို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ရဟတ်ယာဉ်ဖြင့် သွားခဲ့သည့် ၂၀၁၃ ခုနှစ်တွင် ဆောက်လုပ်ဆဲဖြစ်၍ ပြည်ထောင်စုဝန်ကြီးများက စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ ထိုသင်တန်းရရှိခြင်းအပေါ် ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားတို့က **"တောင်ထိပ်မှာ ကြာပန်းပွင့်ခဲ့လေပြီ"**ဟု တင်စားကာ ဝမ်းသာစကားဆိုကြ၏။ ဤအကျိုးဆက်ကိုယနေ့ပလောင်ဒေသမှ လူငယ်များ ခံစားနေရပေပြီ။ မိမဲ့၊ ဘမဲ့၊ ဆင်းရဲနွမ်းပါးကလေးငယ်များ ဤကျောင်းမှာတက်ရောက်၍ တက္ကသိုလ်ဝင်တန်းအောင်သည်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)မှ B.Ed ငါးနှစ်ပညာရေးဘွဲ့၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့တွင် ဆက်လက်တက်ရောက်ပြီး ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ AGTI ဒီပလိုမာဘွဲ့များရရှိပြီး ဝန်ကြီးဌာနအသီးသီးတွင် အလုပ်ခန့်ထားပေးမည်ဖြစ်သည်။

ယင်းလူငယ်သင်တန်းကျောင်း မဖွင့်မီကာလကတည်းကပင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တိုင်းရင်းသားလူငယ်များသည် ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များတွင် တက်ရောက်ခွင့်ရရှိကာ ဒေသအသီးသီး၌ နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်နေကြပြီဖြစ်သည်။

**လမ်းများတိုးချဲ့ဖောက်လုပ်ပေး**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ဘဏ္ဍာနှစ်အလိုက် လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ ပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို စီမံဆောင်ရွက်ပေးခဲ့သည်။ ယင်းလမ်းများမှာ နမ့်ဆန်- ကျောက်ဖြူ-တောင်သုံးဆယ်-မန်နောက် -ပန်ရေကန်- အုံးမတပ်- ခွန်ဟောက်- သီပေါလမ်း (၄၀/၀)မိုင်၊ မန်တုံ- တုံးကြီး- ပန်ဇာကျော့ - မိုးမိတ်လမ်း (၅၈/၀)မိုင်၊ မန်တုံ- ဟူတုံ- လွယ်ခန်း - နမ့်ကျူး- နားအော်လေးလမ်း (၂၅/၀)မိုင်၊ မန်တုံ- အူဆက်- ကောင်းဆုံ- လွယ်ဆောင်- တောနေ- နမ့်ဟိုင်းလမ်း (၃၃/၀)မိုင်၊ မန်တုံမြို့နယ်အတွင်းရှိ အွယ်လော- ပန်နိမ်-မာဝေါ-ဆိုင်းလိမ်လမ်း (၁၈/၀) မိုင်၊ နမ့်ဆန်မြို့နယ်အတွင်းရှိ မန်လွယ် လမ်းခွဲ-တောင်ကျော်လမ်း (၉/၀) မိုင်၊ နမ့်လင်း - ခေးခင်- ပန်းတောင်းလမ်း (၁၆/၂) မိုင်၊ လွယ်ကြူ-ကျောက်ဖြူလေး လမ်း (၇/၀) မိုင်၊ မန်စပ်-ရေပူစမ်းလမ်း (၅/၄) မိုင်တို့ပါဝင်သည်။ နမ့်ဆန်မြို့နယ် ဟိုမိန်းကျေးရွာ သောက်သုံးရေရရှိရေး အတွက် ကိုးမိုင်အကွာအဝေးမှ သွယ်ယူပေးခြင်းလုပ်ငန်းအပြင် နမ့်ဆန်မြို့နယ်အတွင်း ကျောက်ဖြူလေးကျေးရွာ၊ တူတောင်းကျေးရွာ၊ နာယောင်းကျေးရွာ၊ ဟင်ကြိုင်ကျေးရွာတို့အတွက် ဆိုလာမီးအစုံ ၃၆၀ ခွင့်ပြုတပ်ဆင်ပေးခဲ့သည်။

**ပလောင်ဒေသ ဘာသာသာသနာ**

ပလောင်ဒေသသည်ဘာသာသာသနာ ထွန်းကားရာ အရပ်ဖြစ်ကြောင်း ကျွန်တော် စကားဦးဆိုခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်အငြိမ်းစားမယူမီ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ပြည်ထောင်စုဝန်ကြီး၏ တာဝန်ပေးအပ်ချက်အရ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌများနှင့် သွားရောက်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းခဲ့ဖူးသည်။ ထိုစဉ်က ပလောင်ဥက္ကဋ္ဌ ဦးဝင်းကျော်သည် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ရရှိရေးထက် မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးကို အလေးထားပြောကြားသွားခဲ့သည်။ သူ၏ တင်ပြချက်အပေါ် ပြည်ထောင်စုဝန်ကြီးကလည်း ခွင့်ပြုထောက်ပံ့ပေးခဲ့ပါသည်။ ယခုဘဏ္ဍာနှစ်များအတွင်းမှာလည်း နမ့်ဆန်မြို့နယ်၌ မန်မိုင်မိန်းကွမ်း ဘုန်းကြီးကျောင်းဆွမ်းစားဆောင်၊ မန်လုံးဘုန်းကြီးကျောင်း ဓမ္မာရုံ၊ ပန်စရီဘုန်းကြီးကျောင်းဆွမ်းစားဆောင်၊ ပန်နင်းကျေးရွာ ဘုန်းကြီးကျောင်းဆောင်သစ် တို့ကိုလည်းကောင်း၊ မန်တုံမြို့နယ်၌ ပန်ဆွေ အထက်ကျေးရွာ ဘုန်းကြီးကျောင်းဆောင်သစ်၊ မန်တုံမြို့မရပ်ကွက် အောင်မင်္ဂလာမြို့လယ် ကျောင်းတိုက်အတွင်း ဇေယျာသုခအောင်ချမ်းသာ စေတီတော် တည်ထားခြင်းတို့ကိုလည်းကောင်း ထောက်ပံ့လှူဒါန်းပေးခဲ့ပါသည်။

**ပလောင်ဒေသအတွက်ဆန္ဒမွန်**

မိမိ၏မွေးရပ်မြေပမာ သံယောဇဉ်ကြီးမားခဲ့ရသော နေရာဒေသများထဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း အပါအဝင်ဖြစ်ပါသည်။ ထိုစဉ်ကာလက ငြိမ်းချမ်းရေးကို အတူတည်ဆောက်ခဲ့ကြသည့် တပ်မတော်အကြီးအကဲများ (ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့်၊ ဗိုလ်မှူးကြီးစောဘိုးသာ၊ ဗိုလ်မှူးကြီးသန်းအေးတို့ အပါအဝင်)၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အကျိုးတော်ဆောင်များထဲက အချို့မှာ ကွယ်လွန်ခဲ့ကြပေပြီ။ ၁၉၉၁ ခုနှစ်မှ ၂၀၀၉ ခုနှစ် အချိန်လောက်ထိ တည်ငြိမ်အေးချမ်းမှု အပြည့်အဝရရှိခဲ့သော ပလောင်ဒေသ၊ ထိုကာလကို ကျွန်တော်လွမ်းမိသည်။ ယနေ့အချိန်ကာလတွင် အကြောင်းအမျိုးမျိုးကြောင့် ယခင်ကလောက် တည်ငြိမ်အေးချမ်းမှုမရှိဟု ဆိုနိုင်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးစား ဆောင်ရွက်ပေးရာတွင် ပြည်ထောင်စုကြီးအတွင်း အေးအတူပူအမျှ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် မှန်ကန်သောစိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ပေးနေဆဲ၊ ဆောင်ရွက်ပေးနေဦးမည်သာ ဖြစ်ပါသည်။ ကျွန်တော်ချစ်သော ပလောင်မြေ အေးချမ်းသာယာမှုရကြပြီး ပို၍ပို၍ ဖွံ့ဖြိုးတိုးတက်ပါစေ။ ။




နမ့်ဆန်မြို့နယ် ပန်စရီ-အနောက်ကင်း-မန်ဖတ်လမ်း(၁၀/၀) မိုင်အရှည် ကျောက်ချောလမ်းကို တွေ့ရစဉ်။

# ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း

**နန္ဒာသိန်းဇံ**

**အခန်း(၁)**

**ဝိုးတဝါးလမ်းနှင့်**

**အတွေးအမြင်အလင်းရောင်**

ဘဝခရီးမှာ မတွေ့ချင် မဆုံချင်ပေမယ့် တွေ့လာရတာ၊ ကြုံလာရတာက "ဒုက္ခ" ကိုပါပဲ။ ဒုက္ခကို တွေ့ဆုံဖို့ ဘယ်သူမှ လွမ်းလွမ်းမောမော မတမ်းတပါဘူး။ ဒါပေမယ့် ဒုက္ခနဲ့တော့ တွေ့ကြုံရတာပဲ။ "ဒုက္ခနှင့် ဆုံစည်းရပါလို၏။ ဒုက္ခနဲ့ မကွဲမကွာနေရပါလို၏" လို့လည်း ဘယ်သူမှ မြတ်မြတ်နိုးနိုး ဆုမတောင်းဘူး။ ဆုမတောင်းပေမယ့် ပြည့်ပါတယ်။ ဘာကြောင့်ဆိုတော့...ဒုက္ခနဲ့ဆုံစည်းနေရလို့ပဲ၊ ဒုက္ခနဲ့ အစဉ်လိုလို မကွဲမကွာ တွေ့ဆုံပေါင်းဖော်နေရလို့ပဲ။

ဒုက္ခကို အသွင်အမျိုးမျိုးနဲ့ကို ဘဝခရီးမှာ တွေ့ရဆုံရတယ်။ အခက်အခဲတွေ၊ ဘေးရန် အန္တရာယ်တွေအဖြစ်နဲ့လည်း ဆုံစည်းရတယ်။ ရက်စက်မှုတွေ၊ မသမာမှုတွေ၊ တရားမမျှတမှုတွေ အနေနဲ့လည်း တွေ့ရကြုံရတယ်။

ဒီလို ကြုံတွေ့တဲ့အခါ ...

တချို့က စိတ်ပျက်သွားတတ်ကြတယ်၊ စိတ်ဓာတ်တွေ ကျဆင်းသွားတတ်ကြတယ်။ အခုလို အခက်အခဲတွေ၊ ဘေးရန် အန္တရာယ်တွေစတဲ့ ပြဿနာတွေကို ကြုံရတာဟာ အတိတ်ကံမကောင်းလို့ဘဲလို့ ယူဆတတ်ကြတယ်။ ကံကြမ္မာအပေါ် အပြစ်ပုံချတတ်ကြတယ်။ ဒီပုဂ္ဂိုလ်တွေဟာပြေလည်တာတွေ၊ ကောင်းတာတွေနဲ့ကြုံတွေ့ရရင်လည်း ကံကြောင့်၊ ကံကောင်းတဲ့အတွက်ကြောင့်လို့ ယူဆတတ်ကြတယ်။ ဒီအယူအဆကို ကြည့်ရင် အတိတ်ကံကြမ္မာဟာ လူတစ်ဦးရဲ့ ဘဝကိုကောင်းအောင်၊ ဆိုးအောင်၊ အခက်အခဲတွေနဲ့ တွေ့ကြုံအောင် ပြေလွင်တာတွေနဲ့ ဆုံစည်းအောင် ပြဋ္ဌာန်းပေးနေတဲ့ သဘောရှိတယ်။ ဒီအယူအဆကို ခံယူထားရင် "ကြမ္မာဝါဒ" ဒါမှမဟုတ် အတိတ်ကံကိုသာ ယုံကြည်သောဝါဒ **"Fatalism"** ကို လုံးလုံးလက်ခံနေရာ ရောက်တယ်။

တချို့ကတော့လည်း ဘဝခရီးမှာ ကြုံတွေ့လာရတဲ့ အခက်အခဲတွေ၊ မပြေလည်မှုတွေ၊ ကျရှုံးတာတွေဟာ လောကကို ဖန်ဆင်းတဲ့ တန်ခိုးတော်ရှင် ဘုရားသခင်ရဲ့ အလိုတော်အတိုင်း တွေ့ရကြုံရတာပဲလို့ ယူဆကြတယ်။ ဘုရားသခင်ကို အချို့ကလည်း "ငါတို့ကို အခုလို အခက်အခဲတွေ၊ ဒုက္ခအန္တရာယ်တွေနဲ့ ဘုရားသခင်က ဘာကြောင့် တွေ့ကြုံဆုံစည်းစေချင်ပါလိမ့်" ဆိုတဲ့ သံသယနဲ့ ဘုရားသခင်အပေါ် မဝံ့မရဲအပြစ်တင်ကြတယ်။ ဒီလိုယုံကြည်သူဟာ အတိတ်ကံကြမ္မာကိုသာ ယုံကြည်သူနဲ့မခြားနားပါဘူး။ ဒီလို ယုံကြည်နေရင် အခက်အခဲတွေ၊ ဘေးရန်အန္တရာယ်တွေနဲ့တွေ့ကြုံတဲ့အခါ ပျော့ညံ့သူ၊ အရှုံးပေးသူဖြစ်နိုင်ပါတယ်။ ပစ္စုပ္ပန် ကံ ဉာဏ် ဝီရိယအားတွေကို မစိုက်ထုတ်မိဘဲ တွေဝေသူလည်းဖြစ်နိုင်တာပဲ။ ကိုယ့်ဘဝကို ကိုယ်မပိုင်တော့သလိုလည်းဖြစ်သွားနိုင်တယ်။

တချို့ကတော့လည်း အခက်အခဲတွေ၊ ဘေးရန် အန္တရာယ်တွေနဲ့ ကြုံလာတဲ့အခါ ကမူးရှူးထိုး စိတ်လိုက်မာန်ပါဖြေရှင်းတတ်ကြတယ်။ အကြမ်းပတမ်း ရင်ဆိုင်တတ်ကြတယ်။ ဒါဟာ အခြေအနေကို မှန်မှန်ကန်ကန်ရှုမြင်ပြီးလုပ်တာ မဟုတ်တော့ အပြုအမူတွေဟာ မှားနိုင်တယ်။ ရမ်းကားတဲ့အပြုအမူမျိုးတွေ ဖြစ်သွားနိုင်တယ်။ ကြောက်ကန်ကန်ခြင်းမျိုးတွေလည်းဖြစ်နိုင်တယ်။ ဒီနေ့ ကမ္ဘာမှာ ကြောက်ကန်ကန်ပြီး အကြမ်းဖက်တဲ့ ဝါဒ "Terrorism" ကို ခံယူပြီး ပြဿနာတွေကို ဖြေရှင်းနေသူတွေလည်းရှိကြတယ်။ အကြမ်းဖက်ခြင်းအားဖြင့် အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့မလွယ်ဘူး၊ အောင်မြင်မှုရဖို့ မလွယ်ဘူး။ မအောင်မြင်တဲ့အခါ လူဟာတွေဝေသွားပြန်တာပဲ။ တွေဝေတဲ့ စိတ်၊ တွေဝေတဲ့အမြင်ရှိလာရင် လူ့ဘဝ လူ့လောကကြီးတစ်ခုလုံးကို အချည်းနှီး လူ့လောကကြီးအဖြစ်၊ အချည်းနှီးသော၊ အဓိပ္ပာယ်မဲ့သော ဘဝကြီးအဖြစ် ထင်မြင်ယူဆတဲ့ "အချည်းနှီး အဓိပ္ပာယ်မဲ့ဝါဒ" (Nihilism) ကိုခံယူလာတတ်တယ်။ သုံးသပ်မှုမမှန်ရင်၊ ရှုမြင်မှု မမှန်ရင် ခံယူချက်၊ ယူဆချက်တွေ မှားတတ်တာပဲ။

ဒီတော့ အခက်အခဲတွေ၊ ဘေးရန် အန္တရာယ်တွေကို ကြုံလာတဲ့အခါ မှန်ကန်တဲ့သဘောထား၊ အစွန်းမရောက်တဲ့ အမြင်၊ ပဓာနအကျဆုံး အကြောင်းတရားကို သိတဲ့အသိနဲ့ ရင်ဆိုင်ဖြေရှင်းတတ်ဖို့ လိုမှာပဲ။ ဒါကိုပြောရင်းနဲ့ အဖြစ်အပျက်လေးတစ်ခုကို အမှတ်ရတယ်။ တစ်နေ့မှာ ငုံးလေးတစ်ကောင်ဟာ အစာရှာနေခိုက် မုဆိုးတစ်ဦးရဲ့အဖမ်းကို ခံလိုက်ရတယ်။ ဒီမုဆိုးက ငုံးတွေကို အရှင်ဖမ်းပြီး ငုံးသားစားချင်လို့ ငုံးဝယ်လာသူတွေကို ရောင်းစားတဲ့အလုပ်နဲ့ အသက်မွေးသူပဲ။

(ဆက်လက်ဖော်ပြပါမည်)

**စာရေးဆရာ နန္ဒာသိန်းဇံ၏ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်းစာအုပ်မှ စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**



ဆရာ နန္ဒာသိန်းဇံသည် ဒဿနိကဗေဒ ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ထင်ရှားသော စာရေးဆရာလည်း ဖြစ်ခဲ့သည်။

၁၉၆၃ တွင် သိန်းဇံဟူသော ကလောင်အမည်ဖြင့် စာပေနယ်သို့ဝင်ခဲ့သည်။ ပထမဦးဆုံး ဆောင်းပါးအနေဖြင့် မှတ်ဉာဏ်နှင့် အတွေးအခေါ်(၁၉၆၃-နိုဝင်ဘာ-တွဲ-၁၁၊ အမှတ်-၄-သင့်ဘဝ) ကို စတင်ရေးခဲ့သည်။ နောက်ပိုင်း သိန်းဇံ အမည်တူရှိသဖြင့် နန္ဒာသိန်းဇံအမည်သို့ ပြောင်းလဲရေးသားခဲ့သည်။ ကလောင်ခွဲ များမှာ "စိတ်ခိုင်" နှင့် "လွမ်းဝေ" တို့ဖြစ်သည်။

၁၉၆၇ တွင် ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာနထုတ် ဒဿနမဂ္ဂဇင်းနှင့် ရတနာမွန်အပါအဝင် အခြားစာနယ်ဇင်းအမျိုးပေါင်းလေးခုတွင် ဗုဒ္ဓဘာသာ၊ ဘာသာရေး၊ လူမှုရေးဒဿနနှင့်ဆိုင်သော ဆောင်းပါးများကို ရေးသားခဲ့သည်။

၁၉၇၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် လုပ်သားများကောလိပ်ဒဿနိကဗေဒအသင်း ဘဝခရီးအတွက် အတွေးအမြင်များ ဟောပြောချက်မှ စာအုပ်အဖြစ်ထုတ်ဝေသော ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်သည် ထင်ရှားလူကြိုက်များခဲ့သည်။

၁၉၉၈ ဒီဇင်ဘာလတွင် ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်)၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဌာန၌ ဧည့်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ရင်း ထေရဝါဒဗုဒ္ဓဘာသာ-ပထမနှစ်ကို ယုတ္တိဗေဒ၊ အိန္ဒိယဒဿနနှင့်ဗုဒ္ဓဘာသာ-သာသနာပြန့်ပွားရေးနှင့်ဆိုင်သော သာသနာပြုရေးဘာသာရပ်များ၊ မဟာဝိဇ္ဇာ-ပထမနှစ်တွင် တရုတ်ဒဿန၊ မဟာယာနဗုဒ္ဓဘာသာ၏ စွပ်စွဲချက်များကို ထေရဝါဒ ဗုဒ္ဓဘာသာမှ ပြန်လည်ချေပချက်များနှင့် စိန်ခေါ်မှုကိုတုံ့ပြန်သော ဘာသာရပ်များ၊ မဟာဝိဇ္ဇာ-ဒုတိယနှစ်တွင် မျက်မှောက်အနောက်တိုင်းဒဿန အဓိကအကြောင်းရပ်များဖြစ်သော ဒဿနပြဿနာထေရဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာတမ်းများ စသည့်ပညာရပ်များကို ကွယ်လွန်သည့်အချိန်ထိ အချိန်ပိုင်းကြီးကြပ်သင်ကြားရင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်မှ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ချီးမြှင့်ခြင်းခံရသည်။ ဓမ္မဗိမာန်မှ ချီးမြှင့်သော တစ်သက်တာဓမ္မစာပေ ဆုရရှိခဲ့သည်။

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်ဒဿနိကဌာနတွင် ပါမောက္ခ၊ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ရင်း မဟာဝိဇ္ဇာပထမနှစ်နှင့် ဒုတိယနှစ်များကို ဂျပန်နှင့်တရုတ်ဒဿနဘာသာရပ်၊ မဟာဝိဇ္ဇာနောက်ဆုံးနှစ်ကို မြန်မာ့အတွေးအခေါ်နှင့် မူရင်းကျမ်းများနှင့်ဆိုင်သော ပညာရပ်များ၊ ပါရဂူဘွဲ့ကြိုသင်တန်းကို Philosophy of Culture တွင်ပါဝင်သော Art and Culture ပညာရပ်များ၊ ပါရဂူတန်းအတွက် ရေးသားပြုစုသော Dissertation များကို ကြာသပတေးနေ့တိုင်း ကြီးကြပ်လမ်းညွှန် သင်ကြားပေးခဲ့သည်။ ဆရာသည် ၂၀၀၅ ခုနှစ်တွင် ဒဿနိကဗေဒဆိုင်ရာ ပါရဂူဘွဲ့ကျမ်းကို "The Nature of Pure Fact in Satpatthaha Vipassana" ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်သို့တင်သွင်းပြီး ပါရဂူဘွဲ့ အပ်နှင်းခြင်းခံရသည်။

၂၀၀၉ တွင် ဆရာဝန်တင်ရွှေ စာပေဆုကို "နောင်တကင်းရာသို့" အမည်ရှိ စာအုပ်ဖြင့် ရရှိခဲ့သည်။

# ဆက်ဆံရေး အရွေ့အပြောင်းပြုပါ

**အောင်မြတ်စည်သူ**

ကိုယ်ထူကိုယ်ထဖြစ်ထွန်းရေး စိတ်ကူးကို တခြားသူကိုပေးခြင်းဖြင့် သင့်ကိုယ်သင် နိုးကြားလိုက်ပါ။ တခြားသူတစ်ဦးတစ်ယောက်ကို ထိုခံစားချက်ပေးပစ်လိုက်ခြင်းဖြင့် သင့်ဘဝတွင် သင်လိုချင်သည့် အတွေ့အကြုံကို လွယ်လွယ်ရနိုင်သည်။ ဂျွန်လင်နွန်က ဤသည်ကို "တစ်မုဟုတ်ချင်းကံ(Instant Karma)" ဟု ခေါ်ဆိုခဲ့သည်။

ကျွန်တော်တို့၏ ဆက်ဆံရေးအများစုတွင် ကျွန်တော်တို့အပေါ်သာ ကျွန်တော်တို့... အာရုံစိုက်လေ့ရှိသည်။ ကျွန်တော်တို့မည်သို့ "ဖြစ်ထွန်းလာနေသနည်း" အပေါ်တွင်သာ စွဲငြိနေတတ်သည်။

ကျွန်တော်တို့နှင့်ပတ်သက်၍ တခြားသူတို့ ယခုတွေ့မြင်နေမည့်အကြောင်းကိုသာ အမြဲမပြတ်ထောက်နေတတ်သည်။ ကျွန်တော်တို့ကို ကြေးမုံပြင်ကြည့်မှန်များ ဝန်းရံနေသကဲ့သို့ ကျွန်တော်တို့ ရှင်သန်နေထိုင်လေ့ရှိကြသည်။

ရှက်ရွံ့သူတို့သည် ကိုယ့်ကိုယ်ကိုယ်သာ အလေးထားလွန်းကြပါသောကြောင့် ယင်းတို့သည် ကမ္ဘာပေါ်တွင် အတ္တအများဆုံးလူများ ဖြစ်ကြသည်ဟု နော်မန်စဗင်ဆင့်ပီလ်က ဆိုလေ့ရှိခဲ့ဖူးသည်။

ရှက်ရွံ့တတ်သူတစ်ဦး၏ ဟန်အမူအရာကို



လေ့လာကြည့်လျှင် ထိုအချက်ကို သင်တွေ့မည်။ အောက်ငုံ့ပုံများအတွင်း လျှိုဟန်များ၊ ကြည့်မှန်များ ဝန်းရံထားသကဲ့သို့ မလုံမလဲဖြင့် တွေးလိုက်ပုံများ။

ကျွန်တော်တို့၏ အာရုံကို ဆက်ဆံမှုပြုနေသော တစ်ပါးသူအပေါ်သို့ ပြောင်းလိုက်ပါလျှင် အလွန်ပင် အင်အားကြီးမားသော ဝိရောဓိသဘာဝတစ်ခု ဖြစ်ထွန်းသွားသည်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ မေ့လျော့ခြင်းဖြင့် ကျွန်တော်တို့ စတင်ကြီးပြင်းသည်။ ကျွန်တော်သည် ဤအပြောင်းအရွေ့ပေါ်မူတည်၍ သင်တန်းတစ်ခုလုံး ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ယင်းကို ဆက်ဆံရေးအရွေ့(Relation Shift)ဟု ခေါ်ဆိုသည်။

The One Minute Sales Person စာအုပ်ရေးသားသူ စာရေးဆရာ စပင်ဆာဂျွန်ဆန်က ဤသည်ကို "အလွန်ကောင်းသော ဝိရောဓိသဘာဝ" ဟု ဆိုသည်။

"ကျွန်တော်လိုချင်သည့်အရာ ကျွန်တော်ရအောင် ယူမှုရပ်တန့်၍ တခြားသူတို့လိုချင်ရာကိုရရှိအောင် ကူညီရိုင်းပင်းသောအခါ ကျွန်တော်ပို၍ ပျော်ရွှင်ချမ်းမြေ့ရသည်။ ငွေကြေးအရ ပို၍ အောင်မြင်မှုရရှိသည်" ဟု ရေးသားခဲ့သည်။

သင်..နိုးကြားတက်ကြွလိုပါလျှင် သင်၏ ထက်သန်သော စိတ်ကူးစိတ်သန်းကို တခြားသူသို့ ရွှေ့လိုက်ပါ။ တခြားသူ၏ အားသာချက်များ သူ့ကို ထောက်ပြပါ။ တိုက်တွန်းအားပေးမှု၊ ပံ့ပိုးကူညီမှု ကမ်းလှမ်းပါ။ သူ့ကိုယ်ထူကိုယ်ထ ဖြစ်ထွန်းရေးအတွက် လမ်းညွှန်ကူညီမှု ကမ်းလှမ်းပါ။

သင့်အတွက် မည်သို့အကျိုးပြုသည်ကို စောင့်ကြည့်ပါ။ ။

**(Ref: Relationship Shift by Steve Chandler)**

ကြီးပွားအောင်မြင်ခြင်းနှင့်
လမ်းအခွင့် ၁၀၀

# မျှော်မှန်းချက်

ပီမိုးနှင်း

လူမှန်သမျှ စိတ်၌ မျှော်လင့်ခြင်းသည် သေသည့်တိုင်အောင် ရှိမြဲဖြစ်လေသည်။ မည်သူမျှ မိမိကိုယ်ကို အမြဲဆင်းရဲအောက်ကျ၍ နေလိမ့်မည်ဟု မယုံကြည်။ တစ်နေ့သ၌ အချက်ပေါ်မှာပဲ အကြံအစည် တစ်ခုခု အထမြောက်မှာပဲဟု ယုံကြည်လေ့ရှိကြလေသည်။

သို့ယုံကြည် မျှော်လင့်ကြသည့်အတိုင်း “ဖြစ်မြောက်ပါမည်လား” ဟု “မေးလျှင်ဖြစ်မှာပဲ” ဟူ၍ပင် ဖြေရပေလိမ့်မည်။ သို့သော် “ဖြစ်အောင် ထိထိရောက်ရောက် ဘာကို လုပ်ရပါသလဲ” ဟု မေးလျှင်ကား အများအားဖြင့် ရိုးမှန်စွာဖြေဖို့ ခက်ပေသည်။

“ဘယ်သောအခါ ဖြစ်မြောက်အောင်မြင်ရန် အခြေအနေ သိသိသာသာ ဘယ်အခါ ပြောင်းလဲပါမည်နည်း” ဟု မေးလျှင်လည်း ရိုးမှန်စွာ ဖြေနိုင်လိမ့်မည်မဟုတ်ပေ။

ထိုသို့ ထိထိရောက်ရောက် မှန်ကန်စွာ မဖြေနိုင်ကြသော်လည်း မိမိတို့ကိုယ်ကို တစ်ခုခုဖြစ်မြောက်အောင်မြင်မှာပဲဟူသော ယုံကြည်ခြင်းကား တကယ်လိုဖြစ်၍ နေလေသည်။

ထိုလူမျိုးတို့အတွက် ထိုမျှော်လင့်ချက်မရှိက သာ၍ကောင်းပေလိမ့်မည်။ အကြောင်းမူကား ထိုမျှော်လင့်ချက်မရှိက ပူပင်ကြောင့်ကြသောစိတ်ကြောင့် ထကြွလှုံ့လနှင့် တစ်ခုခုကို လုပ်ရပေမည်။ ထိုမျှော်လင့်ချက်ကား ပူပင်ကြောင့်ကြကင်းမဲ့ရုံမျှ မိမိတို့ကိုယ်ကို လှည့်စားသကဲ့သို့ ဖြစ်လေသည်။ သို့လှည့်စားသောစိတ်ကြောင့် မပူလည်းမပူ ဘာကိုမျှလည်း ထိထိရောက်ရောက်မလုပ် အေး၍နေကြလေရာ ထိုလူမျိုးမှာ ဘယ်နည်းဖြင့် တစ်စုံတစ်ရာ သိသိသာသာ ပြောင်းလဲခြင်း ဖြစ်ပါမည်နည်း။ ပြောင်းလဲခြင်းမဖြစ်က အဘယ်နည်းဖြင့် ကြီးပွားနိုင်ပါမည်နည်း။

သို့ဖြစ်လေရာ “ငါသည်လိုချည်း အမြဲနေရမှာမဟုတ်ဘူး”ဟု ယုံကြည်မျှော်လင့်နေသူတို့သည် အောက်ပါအချက်များကို ဂရုပြုကြရမည်။

ထိုအချက်များကား “ငါသည်တစ်နေ့သ၌ ဟန်လိမ့်မည်” ဟု မျှော်လင့်၍ နေ၏။ မျှော်လင့်ချက်အတိုင်း ဖြစ်မြောက်အောင် “ငါဘာကို ထိထိရောက်ရောက် လုပ်ပါသလဲ။ ငါသည် မျှော်လင့်ရုံ မျှော်လင့်၍ နေသူလား။ မျှော်လင့်သည့်အတိုင်း မဖြစ်မှာကို တွေးခေါ် စိုးရိမ်ပါသလား။ မျှော်လင့်ယုံကြည်လောက်သော အခြေအနေလုံလောက်ပါ၏လော။ မျှော်လင့်သည့်အတိုင်း ဖြစ်မြောက်အောင် တစ်စုံတစ်ရာ လုပ်လျှင် ထိုအရာသည် အမှန်အကျိုးရှိပါမည်လား။ လုပ်သောအရာ တစ်မျိုးတည်းရှိသလား။ အမျိုးများသလား၊ ငါလုပ်သောအရာများ၌ ငါသည် တကယ်စွဲမြဲ၍ အစကအဆုံးတိုင် ပေါက်ရောက်အောင် ကြိုးစားပါ၏လား။ တစ်ပိုင်းဖြစ် အလုပ်တွေ ဘယ်လောက်များသလဲ။ သူတစ်ပါးကို အားကိုး၍ နေသလား။ အမွေကို မျှော်လင့်၍နေသလား။ ရမည့် ကြွေးမြီကို စောင့်၍နေသလား” ဟူသော အချက်များဖြစ်ကြလေသည်။

အထူးသဖြင့် သတိထားရမည့်အချက်ကား တစ်ပိုင်းဖြစ်အလုပ်တွေများလေလေ မဖြစ်နိုင်လေလေ မှတ်ရမည်။ ကြီးပွားမည့်လူနှင့် မကြီးပွားမည့်လူမှာ တစ်ခုကို လုပ်လိုသည့်အခါဖြစ်စေ အတတ်တစ်ခုခုကို သင်လိုသည့်အခါဖြစ်စေ အကျိုးဖြစ်မည်၊ မဖြစ်မည်ကို စဉ်းစား၏။ စုံစမ်း၏။ တိုင်ပင်သင့်သူကို တိုင်ပင်၏။ စိတ်ကိုနိုင်၏။ လုပ်သောအခါ အစအဆုံးတိုင်အောင် လုပ်လေ့ရှိသည်။ စ၍လုပ်ပြီးမှ “နေရာကျမည့် အလုပ်မဟုတ်ပါဘူး” ဟူသော ဆင်ခြေတစ်ခုခု ဝင်ရောက်သဖြင့် တစ်ပိုင်းဖြစ်၍ ရပ်ထားလေ့ရှိသူသည် ဘယ်သောအခါမျှ ကြီးပွားအောင်မြင်မည့်သူ မဟုတ်ပေ။

သို့ဖြစ်လေရာ “ငါကြီးပွားမည့်လူလား” ဟု သိလိုက “ငါသည် တစ်ပိုင်းဖြစ် လုပ်တတ်သူလား၊ စိတ်လျှော့တတ်သလား” ဟု မေးရမည်။

ကြီးပွားမည့်လူသည် အကျိုးမများသော အလုပ်တစ်ခုခုကိုစ၍ လုပ်မိရာ လမ်းခုလတ်ကျမှ အကျိုးမရှိမှန်းသိက လျှော့၍မပစ်။ မိမိကိုယ်ကို ဒဏ်ပေးသောအနေနှင့် ထိုအလုပ်ကို အဆုံးတိုင်လုပ်၏။ ထိုအတွင်း အခြားအကျိုးရှိမည့် အလုပ်တစ်ခုခုကို စ၍လုပ်လေ့ရှိသည်။ နောက်ဆုံး၌ အကျိုးရှိမည်မထင်သော အလုပ်သည်လည်း အဆုံးသို့ ရောက်သည့်အခါ အသက်မွေးလမ်း၌ကြီးသော အကူအညီတစ်ခု ဖြစ်နိုင်လေသည်။ သို့ဖြစ်လေရာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ စမိလျှင် မစွန့်ရ၊ ထိုလူမျိုးမှာ ခွေးဘီလူး စိတ်မျိုးဖြစ်ရာ မကြီးပွားလျှင် မနေနိုင်သော စိတ်မျိုးပေတည်း။

(လူပေါ်မှလူမှ)

# ဘဝအောင်မြင်ရေးလမ်းညွှန်

ကောင်းပြည့်စုံ

**အလုပ်ကိုရွေးချယ်ခြင်း**

“အလုပ်ကိုရွေးချယ်ခြင်း” ဟူရာ၌ ကောင်းရာကို မိမိနှင့်သင့်လျော်မည်ဟု ဆုံးဖြတ်ကာ ရွေးချယ်ခြင်းကို ယေဘုယျဆိုလိုသည်။ ထိုကဲ့သို့ အလုပ်ကို ရွေးချယ်ရာတွင်မိမိ၏ အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်ရန် အရေးကြီးပေသည်။

“အလုပ်အကိုင်” မှသာမဟုတ် အရာရာ၌ပင် မိမိနှင့်အံဝင်ခွင်ကျမည့် အနေအထား၊ ပတ်ဝန်းကျင်ကို ရွေးချယ်နိုင်ရာသည်။

သို့ရာတွင်–

ခေတ်ကာလအခြေအနေအရ “ရရာအလုပ်” ကို “ကျရာဖမ်း၍ လုပ်ကိုင်ရသော အနေအထားများလည်း ရှိတတ်သည်။ “သစ်မရခင် ဝါးပေါင်းကွပ်ခြင်း”၊ “ပန်းစံပယ် နန်းလယ်မပေါ်ခိုက်တွင်၊ ခံပွင့်ကို သုံးရခြင်း” သည် ဤသဘောကို ထင်ဟပ်စေသည်။

တစ်ခါတရံတွင်ကား–

အခြေအနေသည် လက်ကမ်း၍ပင် ကြိုဆိုနေတတ်၏။

ပန်းဥယျာဉ်ထဲတွင် “ပြာ၊ နီ၊ ဝါ၊ စိမ်း” ပန်းအလှတို့ စီရရီဆင့်ရရင့် ပွင့်ဖူးနေကြသည်။

ထိုသောအခါ –

ပန်ဆင်လိုသူသည် “လှရာရာ”ကို ရွေးချယ်၍ ပန်ဆင်နိုင်သော အခွင့်အရေးရသည်။ ရတနာတို့ သိုမှီးထားရာ ဘဏ္ဍာတိုက်တွင်းဝယ် နီလာ၊ သန္တာ၊ ပတ္တမြား စသည့်ရတနာမျိုးစုံတို့သည် တလင်းလင်း တလက်တလက် တဖျတ်ဖျတ် တောက်ပနေကြသည်။

ဘဏ္ဍာတိုက်ကိုဖွင့်၍ ဝင်လာသူအား ထိုရတနာကျောက်မျက်မင်းတို့က

လာပါလှည့် –

ယူပါလှည့် –

ကျက်သရေမိုး စွေဖြိုးပါလှည့်ဟု ဆိုနေကြသယောင်ရှိသည်။

ထိုအခြေအနေတွင် –

ထိုသူအဖို့ ကောင်းနိုးရာရာ သန္တာကျောက်ကောင်းတို့ကို ရွေးယူပန်ဆင်နိုင်သည်။

တစ်ခါတရံတွင်ကား–

ပန်းတို့နှင့်ဝေးခဲ့၏။ ရတနာကျောက်မျက်တို့နှင့်လည်း မနီးခဲ့။

ထိုအခါ ထိုသူသည် –

“နှင်းဆီ” မှပဟု ငြင်းနေဖွယ်မရှိ။

“ပိတောက်”မှပဟု ဆိုနေဖွယ်မရှိ။ “စပယ်” ဟု အဆာကျယ်နေနိုင်ဖွယ်မရှိ။

“ခဝဲပန်း”ပင်ဖြစ်စေ မွေးကြူရပေလိမ့်မည်။ တောထဲတွင် အလေ့ကျပေါက်သော “မိကျောင်းပန်း”၊ “ဒဟတ်ပန်း”များကိုပင် မြတ်နိုးရလိမ့်မည်။

တောတွင်းတစ်နေရာ၊ တောင်စောင်းတစ်ခုအနီးတွင် ကျောက်ဖြုန်းလေးများကိုတွေ့ရသော တောတွင်းသားသည် အခြားရွေးချယ်ဖွယ်မရှိသဖြင့် ထိုကျောက်ဖြုန်းလေးများကိုပင် ကောက်ယူရပေလိမ့်မည်။

ဤသို့ဆိုလျှင် –

တစ်ခါတရံ အခြေအနေဆိုးနှင့်လည်း ကြုံရတတ်သည်။

အလုပ်ရှာဖွေရာ၌လည်း ထိုကဲ့သို့ပင်ဖြစ်၏။ ကမ္ဘာကျော် “သံမဏိသူဌေးကြီး”၊ “ကုဋေကြွယ် သူဌေးကြီး”အန်ဒရူးကာနယ်ဂျီသည် ယောက်ျားပီပီ စီမံခန့်ခွဲနိုင်သော အလုပ်ကိုလုပ်ကာ မိသားစုအား ထောက်ပံ့လိုသည်။

သို့သော် –

ရင်ဆိုင်တွေ့နေရသောအခြေအနေအရ ချည်ငင်ရစ်လုပ်ရသော အလုပ်၊ ဘွိုင်လာအိုးကိုမီးထိုးရသော အလုပ်၊ ကြေးနန်းစာပို့သမား အလုပ်များကို လုပ်ခဲ့ရသေးသည်။

မြန်မာစကားတွင် “အကြောင်းမတော်တော့ အလောင်းတော်ပင် အိုးထိန်းလုပ်ရသေးသည်” ဟူသော ဆိုရိုးသည် ဤအချက်ကို ထွန်းလင်းစေသော “ဥပမာတစ်ခု” ဖြစ်နိုင်ရာသည်။

ဤသို့လျှင် အခြေအနေအရ “လတ်တလော” လက်ခံကာလုပ်ရသော်လည်း မိမိ၏ မူရင်းအဓိကအချက်ကိုကား မေ့ပျောက်၍မဖြစ်ပေ။ နေ့နေ့၊ ညည မိမိ၏စိတ်ထဲတွင် အဓိက ရည်မှန်းချက်သည် ရှိနေရပေမည်။

မိမိ၏ အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်သင့်ပေ။

ကွယ်လွန်သူခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် “အတ္တ” နှင့် “ပရ” တွင် “ပရ” စိတ်လွန်ကဲသည်ဟု ဆိုသင့်ပေသည်။

သူ၏ဘဝတစ်လျှောက်တွင် ကျင့်ဆောင်သွားမည့် အဓိကရည်မှန်းချက်မှာ “စိုက်ပျိုးရေးလုပ်ရန်နှင့် စာရေးဆရာအဖြစ် စာပေပြုစုရန်” သာဖြစ်သည်။

သို့တစေ–

တိုင်းပြည်လွတ်လပ်ရေးဆုံးရှုံးကာ မိမိအမျိုးသားများဖြစ်သော မြန်မာပြည်သားများကျွန်ဖြစ်ကာ အောက်တန်း နောက်တန်းကျနေရသည်ကို မကြည့်ရက်။

ထို့ကြောင့်ပင် “မြန်မာပြည်လွတ်လပ်ရေး”အတွက် ရှေးဦးစွာ ကြိုးစားခဲ့သည်။ အုပ်စိုးနေသော အင်္ဂလိပ်နှင့် ဂျာမနီစစ်ဖြစ်တော့မည်ဆိုသောအခါ သူအလွန်ပျော်သည်။

အင်္ဂလိပ်တွင် “အခက်” ကြုံသော်လည်း မြန်မာကဲ့သို့သော ကိုလိုနီနိုင်ငံအဖို့ကား လွတ်လပ်ရေးကြိုးပမ်းရန် “အချက်” ဖြစ်တော့သည်။

ဤသို့သောကြောင့် –

ပင်ကိုစရိုက်အားဖြင့် အေးဆေးစွာနေလိုသော ဗိုလ်ချုပ်အောင်ဆန်းသည် ပူလောင်ပြင်းပြမှုကို အခိုက်အတန့်အားဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရလေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဓိကရည်မှန်းချက်မှာ အေးချမ်းရာသန္တိသုခကိုရှာဖွေရန်ပင်ဖြစ်သည်။ ဝိမုတ္တိရသ အမြိုက်ရေစင်ကို သောက်သုံးလိုသည်။ ဇာတိမျိုးပြတ်ရာ နိဗ္ဗာန်ကို အရောက်သွားလိုသည်။

သို့ရာတွင် –

“သဗ္ဗညုတ” ရွှေဉာဏ်တော်ကိုရရန် ကြိုးပမ်းရာ၌ ပထမတွင် စမ်းတဝါးဝါးဖြစ်ခဲ့ရသည်။ ခန္ဓာကိုယ်ကို နှိပ်စက်ညှဉ်းပန်းသည့် ဒုက္ခရစရိယာ အကျင့်ကို ကျင့်ခဲ့ရသေးသည်။

ထူးခြားသောပုဂ္ဂိုလ်တို့သည် “နေရိပ်” အလာကို “နေပူ” မှ စောင့်တတ်၏။ စောင့်လည်းစောင့်ကြ၏။ ထိုစဉ် ရင်ဆိုင်ကြုံတွေ့ရသည်များကိုလည်း ကြံ့ကြံ့ခံနိုင်စွမ်းရှိကြသည်။

အခွင့်သာလာသည်နှင့် “ပေါ်ပေါက်လာသောအခွင့်အရေး” ကို အမိအရ ဆုပ်ကိုင်တတ်သည်။

သို့ဖြစ်သောကြောင့်–

အလုပ်ကိုရွေးချယ်ရာ၌ မိမိ၏အဓိကရည်မှန်းချက်ကို မျက်ခြည်မပြတ်သင့်ကြောင်း ထပ်လောင်းအသိပေးလိုပါသည်။

အခိုက်အတန့်အားဖြင့်ကား “မိုးခို” ၍ “အသင့်အတင့်နလုံးသွင်း” နိုင်ရာ၏။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၂၉၄ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၄-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၂၉၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄ ဒသမ ၁၁) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၇၅၂,၁၀၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၄,၉၇၄)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၆၈၉)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၅၈,၄၇၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၅၆၀)ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေများအား ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေး ရက်သတ္တပတ်အလိုက် ဓာတ်ခွဲနမူနာရယူစစ်ဆေးမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုနှုန်း အခြေအနေများအား စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ အပတ်စဉ် (၄၀)၊ အပတ်စဉ် (၄၁) နှင့် အပတ်စဉ် (၄၂)တို့ကို နှိုင်းယှဉ်ချက်အရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှင့် ပျမ်းမျှရောဂါပိုးတွေ့ရှိမှုနှုန်းများမှာ အပတ်စဉ်အလိုက် လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရသဖြင့် ရောဂါကူးစက်မှု ဆက်လက်လျော့နည်းလာစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- **သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာလိုက်နာကြရန် ဖြစ်ပါသည်။**
  - **အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊**
  - **နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊**
  - **လက်ကို မကြာခဏဆေးကြောခြင်း၊**
  - **တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊**
  - **အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်း၊**
  - **သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၅-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၄) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၈) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၉၀) ခု | (၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁) ခု | (၉) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈၂) ခု | (၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၄၇) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၁) ခု | (၅၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၀၉၁) ခု | (၅၉၅) ဦး |
| စုစုပေါင်း | (၁၇,၂၉၄) ခု | (၇၁၁) ဦး |

### လွန်ခဲ့သော (၂၁)ရက်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုနှင့် အတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၃-၁၀-၂၀၂၁ မှ ၂၃-၁၀-၂၀၂၁)ရက်နေ့အထိ

| ရက်စွဲ | ဓာတ်ခွဲနမူနာ စုစုပေါင်း | ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း | ပျမ်းမျှရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်း |
|---|---|---|---|
| (၃-၁၀-၂၀၂၁ မှ ၉-၁၀-၂၀၂၁) (Epi Week-40) | ၁၂၇,၁၉၈ | ၁၀,၀၆၄ | ၇.၉၁ |
| (၁၀-၁၀-၂၀၂၁ မှ ၁၆-၁၀-၂၀၂၁) (Epi Week-41) | ၁၂၂,၆၇၄ | ၉,၅၁၈ | ၇.၇၆ |
| (၁၇-၁၀-၂၀၂၁ မှ ၂၃-၁၀-၂၀၂၁) (Epi Week-42) | ၁၀၉,၁၀၂ | ၆,၇၂၅ | ၆.၁၆ |

  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၃၁၂၇၈၂ | ၃၆၀၅၂၆၁၄ | ၇၅၆၃၆၂ |
| ၂။ | အိန္ဒိယ | ၃၄၁၀၈၉၇၇၄ | ၃၃၅၆၇၃၆၇ | ၄၅၄၇၄၃ |
| ၃။ | ဘရာဇီး | ၂၁၇၂၉၇၆၃ | ၂၀၉၀၇၂၂၄ | ၆၀၅၆၈၂ |
| ၄။ | ဗြိတိန် | ၈၇၇၃၆၇၄ | ၇၁၄၂၁၁၆ | ၁၃၉၅၃၃ |
| ၅။ | ရုရှား | ၈၂၇၉၅၇၃ | ၇၁၈၆၆၁၁ | ၂၃၁၆၆၉ |
| ၆။ | တူရကီ | ၇၈၅၁၈၀၅ | ၇၂၈၃၉၈၈ | ၆၉၁၁၂ |
| ၇။ | ပြင်သစ် | ၇၁၂၅၈၆၈ | ၆၉၁၀၇၃၀ | ၁၁၇၄၆၇ |
| ၈။ | အီရန် | ၅၈၆၈၃၆၀ | ၅၄၂၉၉၈၂ | ၁၂၅၃၆၃ |
| ၉။ | အာဂျင်တီးနား | ၅၂၈၀၃၅၈ | ၅၁၄၆၈၁၉ | ၁၁၅၈၂၆ |
| ၁၀။ | စပိန် | ၄၉၉၇၇၃၂ | ၄၈၄၈၄၃၂ | ၈၇၁၃၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၄၀၄၇၉ | ၄၀၈၃၆၉၀ | ၁၄၃၂၃၅ |
| ၂။ | ဖိလစ်ပိုင် | ၂၇၆၁၃၀၇ | ၂၆၆၁၆၀၂ | ၄၁၉၄၂ |
| ၃။ | မလေးရှား | ၂၄၃၁၇၁၆ | ၂၃၂၇၃၆၉ | ၂၈၄၀၀ |
| ၄။ | ထိုင်း | ၁၈၅၉၁၅၇ | ၁၇၄၀၃၁၆ | ၁၈၇၉၉ |
| ၅။ | ဗီယက်နမ် | ၈၉၂၅၇၉ | ၈၀၇၃၀၁ | ၂၁၇၃၈ |
| ၆။ | မြန်မာ | ၄၉၄၉၇၄ | ၄၅၈၄၇၀ | ၁၈၅၆၀ |
| ၇။ | စင်ကာပူ | ၁၇၂၆၄၄ | ၁၄၂၅၉၈ | ၃၁၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၈၈၈ | ၁၁၃၂၆၄ | ၂၇၄၃ |
| ၉။ | လာအို | ၃၆၂၄၈ | ၂၈၇၂၆ | ၅၃ |
| ၁၀။ | ဘရူနိုင်း | ၁၂၃၈၄ | ၉၈၂၇ | ၈၁ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

မေမေက ကိုကို့အမေးကို မဖြေ။ မေးခွန်း ထပ်မေးသည်။

"တွင်းကြီးမင်းစုထဲက မလှဝေကလေးကို သားသိတယ်မဟုတ်လားဟင်။ တွင်းစားရိုး ဦးဖိုးခင်ရဲ့သမီးလေ"

"သိပါတယ် မေမေ"

"မေမေက သားကို မလှဝေနဲ့ ရည်မှန်းထားတာ"

မေမေ့စကားကြောင့် ကိုကို့မျက်နှာမှာ စိတ်ပျက်လက်ပျက်ဖြစ်ရသော အရိပ်အသွင် လွှမ်းသွားသည်။

"ကျွန်တော် မလှဝေကို သိပါတယ်။ ခင်လည်း ခင်ပါတယ်။ မြို့ကကျောင်းမှာနေတုန်းက တစ်တန်းတည်း အတူတူနေခဲ့ကြတာ မဟုတ်လား။ ဒါပေမဲ့ သူ့ကို မောင်နှမလိုပဲ ခင်လို့ရတယ်။ ချစ်လို့မရဘူး မေမေ"

ကိုကို့စကားကြောင့် မေမေ့မှာလည်း စိတ်ပျက်လက်ပျက်ဖြစ်ရပုံပေါ်သည်။

"စဉ်းစားပါဦးသားရယ်။ မလှဝေဟာ အဘက်ဘက်က ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်ပါ။ အလှရော၊ ဥစ္စာရော၊ ပညာရော ဘယ်ဘက်ကမှ အပြစ်ဆိုစရာမရှိဘူး"


"ကျွန်တော်ပြောတဲ့ မဝင်းရီဟာ ပစ္စည်းဥစ္စာကလွဲလို့ ကျန်တဲ့ဘက်မှာ အားလုံးပြည့်စုံပါတယ် မေမေ"

"ဒါပေမဲ့ သားစဉ်းစားကြည့်ပါဦး။ သားဟာ ပညာတတ်တစ်ယောက်ပဲဟာ။ ဆိုပါတော့ကွယ် မလှဝေဟာ သုံးဂဏန်း၊ မင်းရဲ့ မဝင်းရီဟာ နှစ်ဂဏန်း။ ဒီဂဏန်း နှစ်လုံးကို နှုတ်လိုက်ရင် တစ်ကြွင်းတယ်။ ဘာပဲပြောပြော မလှဝေဟာ မဝင်းရီထက် သုံးလေးမှာ တစ်လေးသာသေးတယ်လို့ ပြောလို့ရတယ်"

"အဲဒီလို ကိန်းဂဏန်းနဲ့ ပြောကြစတမ်းဆိုရင် ကျွန်တော်ဘက်ကလည်း ပြောလို့ရပါတယ် မေမေ။ မဝင်းရီမှာ မဲတစ်မဲရှိပါသေးတယ်။ အဲဒါကတော့ ကျွန်တော့်ရဲ့ အချစ်ပဲ။ ဒါကိုထည့်ပေါင်းလိုက်ရင် သူဟာ မလှဝေနဲ့ တန်းတူရည်တူ ဖြစ်လာမှာပါ"

ခင်ခင်ကြီးသည် ကိုကိုနှင့်မေမေတို့ အချီအချ ပြောနေသောစကားကို နားစိုက်ထောင်ရင်း ကိုကို့မှာ စကားပြော မခေလှပါကလားဟု တွက်မိသည်။ ကိုကို့စကားကြောင့် မေမေမှာ အစဉ်းစားရ ကျပ်သွားသလိုရှိသည်။

"ဒီလိုရှိတယ်သား။ အဲဒီမိန်းကလေး အနေနဲ့ သားကို လိုက်ရောတာဟာ




အကြောင်းရှိတယ်။ သားဟာ ရေနံ့သာ ကုမ္ပဏီပိုင်ရှင်ရဲ့သား သူဌေးသား။ ဒီတော့ သားဆီက တစ်စုံတစ်ခုကို မျှော်လင့်ပြီး လိုက်ရောတာမျိုးပဲဖြစ်မယ်။ တကယ် တမ်း ချစ်မချစ်ဆိုတာ ဘုရားမှသိမှာပဲ"

"ဒီလိုတော့ မပြောပါနဲ့မေမေ။ မဝင်းရီရဲ့အချစ်ဟာ သံသယဖြစ်စရာ မကောင်းပါဘူး။ တကယ်လို့ ဖေဖေက ကျွန်တော့်ကို စောစောကပြောသလို ခြူးတစ်ပြားမှ မပေးဘဲ အမွေပြတ်ခဲ့ရင်တောင်မှ သူ့အချစ်ဟာ ပြောင်းလဲမယ်လို့ ကျွန်တော် မထင်ဘူး။ သူ့အချစ်မှာ ကျွန်တော်ကလွဲလို့ တခြားဘာမျှော်လင့်ချက်မှ မရှိနိုင်ပါဘူး"

အဆုံးမှာတော့ မေမေသည် သက်ပြင်း ရှိုက်ရပြန်ပါသည်။

"ဘာပဲပြောပြောကွယ်။ သားဟာ မေမေတို့စကားကို မပယ်ရှားဘူး။ မေမေတို့ကို ကလန်ကဆန်မလုပ်ဘူးလို့ မေမေ ထင်တယ်။ သားဟာ လိမ္မာတဲ့ ကလေးတစ်ယောက်ပါ။ ဖေဖေ၊ မေမေတို့ စိတ်ဆင်းရဲအောင် ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး။ နောင်ကိုလည်း လုပ်လိမ့်မယ် မဟုတ်ဘူးလို့ ယုံတယ်"

"ခက်တယ် မေမေရယ်။ လူတွေဟာ ကိုယ့်ဘဝကိုယ် မေ့တတ်ကြတာခက်တယ်။ အထူးသဖြင့် ဖေဖေဟာ သူ့ဘဝကိုသူ မေ့ဖို့မကောင်းဘူး။ သူဟာ ဘယ်ဘဝကလာသလဲ။ ဦးသာကျော်လိုဘဝမျိုးက လာတာပဲမဟုတ်လား။ ဦးသာကျော်နဲ့သူဟာ တစ်ချိန်က အတူတကွ လုပ်ဖော်ကိုင်ဖက်တွေပါ။ မိတ်ဆွေတွေပါ။ စင်စစ်မှာ ကျွန်တော် မဝင်းရီနဲ့ရင်းနှီးဖို့ အခွင့်ရခဲ့တာဟာ ဦးသာကျော်နဲ့ ဖေဖေတို့ တစ်ချိန်က မိတ်ဆွေဖြစ်ခဲ့ကြတယ်ဆိုတာကို မူတည်ခဲ့တာပါ။ ကျွန်တော်တော့ သေသာသေလိုက်ချင်တာပဲ မေမေ။ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"သားငယ်ပါသေးတယ်ကွယ်။ ပညာသင်ပါဦး။ အိမ်ထောင်ပြုဖို့ဆိုတာ စောလွန်းပါသေးတယ်။ သားဒီနှစ်ဆယ်တန်းအောင်ရင် မင့်ဖေဖေက နိုင်ငံခြားပို့ဖို့တောင် စီစဉ်ထားတာကွယ့်"

"ဗျာ၊ ကျွန်တော့်ကို နိုင်ငံခြားပို့မယ်။ ဟုတ်လား မေမေ"

မေမေ့စကားကြောင့် ကိုကိုအံ့အားသင့်သွားပုံရသည်။

"ဟုတ်တယ်။ ဘိလပ်ပို့ဖို့ သူ့အသိမျက်နှာဖြူတစ်ယောက်နဲ့ တိုင်ပင်နေတာ မေမေကြားရတယ်သား"

"ကျွန်တော် မသွားချင်ဘူးမေမေ"

"ဟင် "

သည်တစ်ခါ အံ့အားသင့်ရသူမှာ မေမေ။

"ဟုတ်တယ် မေမေ။ ကျွန်တော် မသွားချင်ဘူး။ သူများတွေက ဘိလပ်ပြန်ဆိုတာကို အထင်ကြီးပေမဲ့ ကျွန်တော် အထင်မကြီးဘူး"

ကိုကို့စကားကို မေမေ အံ့သြနေသည်။ ဘုရားတနေသည်။ ကိုကိုက စကားဆက်သည်။

"ဘိလပ်သွား၊ စာသင်သူတို့ကို အထင်ကြီး။ ကိုယ့်လူမျိုးကို နှစ်ပြားမတန်အောင် အပြစ်ပြော။ ဒီသဘောနဲ့ ကျွန်သက်ပိုရှည်လာမှာပဲ မေမေ"

"တော်တော့သား။ ဥပဒေ မလွတ်တဲ့ စကားတွေ မပြောစမ်းနဲ့ ။ သားဟာ မေမေတို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်။ အားထားချက်ဆိုတာကို မေ့နေသလားဟင်။ မင်းဖေဖေဟာ အသက်လည်းကြီးပါပြီ။ အလုပ်လုပ်လာရတဲ့နှစ်တွေကလည်း များလှပြီ။ ကြည့်ပါလား။ တစ်ခေါင်းလုံးဖွေးအောင် ဆံပင်တွေဖြူနေတာ။ သားဟာ ကိုယ့်ဖေဖေကို စာနာသင့်တယ်။ သနားသင့်တယ်။ ကိုယ့်ဖေဖေရဲ့တာဝန်နဲ့ မိသားစုတစ်စုလုံးရဲ့တာဝန်ကို ပခုံးထမ်းပြောင်းယူရမယ်ဆိုတဲ့ အသိကလေးတော့ ရှိသင့်ပါတယ်ကွယ်"

မေမေ၏စကားစုများက ကိုကို့အား အသည်းခိုက်သွားစေဟန်တူသည်။ စိတ်ထိခိုက်စေနိုင်ပုံရသည်။ ချက်ချင်းမှာပင် သူသည် မေမေ့အား စိတ်ထိခိုက်အောင် လုပ်နေမိပါကလားဟု တွေးမိပုံပေါ်သည်။ မျက်နှာမှာ ညှိုးရော်လာရပါသည်။

ကိုကိုသည် မေမေအား အတိုက်အခံ စကားမဆိုတော့။ ဘာမှလည်း မပြောတော့။ အိမ်ပေါ်သို့တက်သည်။ အခန်းအောင်းနေသည်။

ကိုကိုအဖြစ်ကို မြင်ရလေလျှင် ခင်ခင်ကြီး ပိုမိုတုန်လှုပ်ရသည်။ ပိုမိုချောက်ချားရသည်။ စင်စစ် မောင်မောင်ဦးနှင့် ချစ်ကြိုက်သည်ဆိုခြင်းမှာ အမှားအယွင်း တစ်ခု၊ ကြီးစွာသောအပြစ်ကြီးတစ်ခုအဖြစ် ခင်ခင်ကြီး မှတ်ယူလာသည်။ သို့ပေမဲ့ နံနက်တိုင်း မလုံးတင် ဈေးမှပြန်လာပြီဆိုလျှင်တော့ မောင်မောင်ဦး၏စာ ပါမပါ မေးရသည်မှာ အမော။ စာကိုဖတ်ရလျှင် ဝမ်းသာသည်။ သူမဘက်ကလည်း စာပြန်ရေးသည်။ မောင်မောင်ဦးက စာထဲတွင် တွေ့ခွင့်ပေးရန် အကြိမ်ကြိမ်တောင်းပန်သည်။ ညဘက်ရောက်လျှင် လမ်းမြောင်ဆီမှ လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြမှုကို မြင်ရမြဲ။ ခင်ခင်ကြီးစိတ်ကို ထိန်းချုပ်သည်။ မောင်မောင်ဦးထံ တောင်းပန်စာရေးသည်။ နောက်တော့လည်း မောင်မောင်ဦး စိတ်လျှော့လိုက်ဟန်တူသည်။ အိမ်နောက်ဘက်မှ လမ်းမြောင်သို့ ရောက်မလာတော့ပေ။

ယင်းသို့ဖြင့် ကိုကိုတို့ ရန်ကုန်ပြန်ရမည့်ရက်သို့ ရောက်လာသည်။ ရေနံမြေသပိတ်တပ်၏ သတင်းများကိုလည်း ကြားရသည်။ ဒီဇင်ဘာလ ၂၀ ရက်နေ့က အဖြစ်သည် ဂယက်ရိုက်လျက်ရှိသေးသည်။ ထိုနေ့က ကျောင်းသားများအတွင်းဝန်ရုံးများကို ဝိုင်းဝန်းဆန္ဒပြကြသည်။ ၎င်းတို့၏ ခေါင်းဆောင်များ၏ တို့ဗမာအစည်းအရုံးမှ သခင် သခင်မများကို ခြွင်းချက်မရှိလွှတ်ပေးရန် သပိတ်တားသည်။ နယ်ချဲ့အစိုးရက ပန်ချာပီနှင့် ဂေါ်ရာမြင်းစီးပုလိပ်များဖြင့် အဓမ္မရိုက်နှက်၍ လူစုခွဲရာတွင် ဂျက်ဆင်ကောလိပ်ကျောင်းသားခေါင်းဆောင်ကိုအောင်ကျော် ကျဆုံးခဲ့ရပြီး ကျောင်းသား ၂၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ အောင်လံမြို့တွင်လည်း အစိုးရ၏ နှောင့်ယှက်ဖျက်ဆီးမှုကို ကန့်ကွက်သည့်အတွက် သခင်ဘဖိုး ကျဆုံးခဲ့ရသည်။ ယင်းဂယက်များသည် အစိုးရအပြောင်းအလဲကို ဖြစ်စေခဲ့သည်။ ဒေါက်တာဘမော်အစိုးရအဖွဲ့ ပြုတ်ကျသွားသည်။

သပိတ်တပ်သည် ဇန်နဝါရီလ ၈ ရက်နေ့၌ သထုံ၊ ဝေါ၊ ပဲခူးမှ ချီတက်လာကြသည့် တောင်သူလယ်သမားတပ်များနှင့် ပူးပေါင်း၍ ရန်ကုန်မြို့သို့ အောင်မြင်ချောမောစွာ ရောက်ရှိသွားသည့်သတင်းများ ကြားရသည်။

သို့ဖြင့် သမိုင်းစာမျက်နှာ၌ မှတ်တမ်းတင်ရမည့် ၁၃၀၀ ပြည့်အရေးတော်ပုံကို ခင်ခင်ကြီးတို့ မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ ဖြတ်ကျော် ထိတွေ့ခဲ့ရသည်။

ကိုကိုတို့အပြန်၌ သဘော်ဆိပ်သို့ ခင်ခင်ကြီးတို့မိသားစု လိုက်ပို့ကြသည်။ အခါတိုင်းကလိုပင် ကိုကို့အား နှုတ်ဆက်ရင်း မောင်မောင်ဦးကိုပါ နှုတ်ဆက်ရသည်။ သည်တစ်ကြိမ်တွင်တော့ ခင်ခင်ကြီးသည် လွမ်းဆွတ်တသရမှုကို လူတစ်ဦးတစ်ယောက်တည်းအတွက် ခံစားရသည်ဟု မှတ်ယူပါသည်။ မောင်မောင်ဦး အထီးတည်းအတွက် လွမ်းဆွတ်တသရမှုကို ခံစားရသည်ဟု သေသေချာချာ သိသည်။

သဘော်ဆိပ်မှအပြန် အိမ်သို့ရောက်လျှင် အခန်းသို့ဝင်ကာ ရှိုက်ကြီးတငင် ငိုမိသည်။ ယင်းမျက်ရည်သည် မောင်မောင်ဦးကို ရည်စူးကြောင်း ခင်ခင်ကြီးအသိ။ သူနှင့်စပ်လျဉ်း၍ ကျရသောမျက်ရည် သူ့အား လွမ်းဆွတ်ရစိတ်ဖြင့် ငိုကြွေးရခြင်းဖြစ်ကြောင်း နားလည်သည်။

စင်စစ် ယင်းမျက်ရည်ကား ထိုသူနှင့် ပတ်သက်၍ ပဏာမအဖြစ် ကျရသောမျက်ရည်ဖြစ်ကြောင်း ထိုစဉ်က ခင်ခင်ကြီး မတွေးနိုင်သေး။ သူမ၏ ဘဝတစ်လျှောက်လုံးတွင် ထိုသူနှင့် ပတ်သက်၍ အခါခါအကြိမ်ကြိမ် မျက်ရည်ကျရသည့် အဖြစ်မျိုး ပေါ်ပေါက်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့သေး။ သို့ရာတွင် သူမ၏ ကံကြမ္မာအပေါ်၌ အရိပ်မည်းကြီးတစ်ခု လွှမ်းမိုးလာသည်ဆိုခြင်းကိုမူ ရေးရေးမျှ သဘောပေါက်လာရသည် အမှန်ပင်။

x x x x x

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**ကိုကိုတို့အပြန်၌ သဘော်ဆိပ်သို့ ခင်ခင်ကြီးတို့မိသားစု လိုက်ပို့ကြသည်။**


**အခါတိုင်းကလိုပင် ကိုကို့အားနှုတ်ဆက်ရင်း မောင်မောင်ဦးကိုပါ နှုတ်ဆက်ရသည်။**

**သည်တစ်ကြိမ်တွင်တော့ ခင်ခင်ကြီးသည် လွမ်းဆွတ်တသရမှုကို**

**လူတစ်ဦးတစ်ယောက်တည်းအတွက် ခံစားရသည်ဟု မှတ်ယူပါသည်။**

**မောင်မောင်ဦးအတွက် လွမ်းဆွတ်တသရမှုကို ခံစားရသည်ဟု...**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး [illegible]







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible] High Mast Light [illegible] Expansion Joint [illegible] Garden Light [illegible]

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ညွန့်ရီ
### အသက်(၉၃)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏မိခင်ဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ပါမောက္ခ ဒေါ်တီတီချို
### ဒဂုံတက္ကသိုလ် ဥပဒေပညာဌာန(ငြိမ်း)
### အသက်(၇၉)နှစ်

ကျွန်တော်၊ ကျွန်မတို့အား ဥပဒေပညာသင်ကြားပေး ခဲ့သော ဥပဒေပါမောက္ခဆရာမကြီး ဒေါ်တီတီချို(ငြိမ်း) သည် (၂၂-၁၀-၂၀၂၂)နေ့က ကွယ်လွန်သွားကြောင်းကြားသိ ရပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာမကြီးကောင်းရာသုဂတိလားပါစေ။

**ဒဂုံတက္ကသိုလ်ဥပဒေပညာဌာန**
**ကျောင်းသား/ကျောင်းသူများ**
**(၁၉၉၂ မှ ၁၉၉၉ ထိ)**

## ဦးမြင့်မောင် (ရေစကြို)
### အသက်(၇၇)နှစ်

ရေစကြိုမြို့၊ စိတ္တာသုခရပ်ကွက်နေ [ဦးခင်-ဒေါ်သန်း (အောင်သောင်းကျော်ရေယာဉ်)]တို့၏ သား၊ (ဦးဘိုးသောင်း-ဒေါ်ဖွေး)တို့၏ သားသမက်၊ ဒေါ်ခင်ဆန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသက်မောင်-မသန္တာဌေး၊ ကိုဖြိုးသူ-မတင်နီလာကျော်၊ မစောနှင်းဝေတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးလေးယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးမြင့်မောင်သည် ၂၄-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) ည ၉:၃၇ နာရီတွင် မိသားစုနေအိမ်၌ ကွယ်လွန်အနိစ္စရောက် သွားပါ၍ ၂၅.၁၀.၂၀၂၂ ရက် ညနေ ၄ နာရီတွင် ရေစကြိုသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ကျော်
### ဒုပါမောက္ခ(ငြိမ်း)၊ ရေနံအင်ဂျင်နီယာဌာန
### ရန်ကုန်နည်းပညာတက္ကသိုလ်
**Former Associate Professor, Universiti Teknologi Petronas, Malaysia**
**Former Associate Professor, UCSI University, Malaysia.**
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်(၂) လမ်း၊ အမှတ်(၁၁)နေ ဒေါ်လီလီညွန့်၏ ခင်ပွန်း၊ ဦးဝင်းထွန်း-ဒေါ်ဇင် နွယ်မိုးသူ၊ (ဦးစည်သူထွဋ်)-ဒေါ်သီရိဝင်းသူ(Shwe Nann Eain Photo & Canvas Printing)တို့၏ဖခင်၊ မချမ်းမြေ့အိမ်စည် [Primary 1 (0) ILBC]၏ ချစ်လှစွာသောအဘိုးသည် ၂၄-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၀:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွား ပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၆-၁၀-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မာလင်း
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်းလမ်းနေ (ဦးကြည်လင်း-ဒေါ်မိုးသိန်း)တို့၏ သမီးလတ်၊ ဦးမြတ်ဇော်၏ဇနီး၊ ကိုအောင်မြင့်မြတ်၊ ကိုရဲလင်းဇော်၊ မောင်သီဟ-မဟေမာန်နှင်းတို့၏မိခင်၊ ဒေါ်မာလာသန်း၊ ဦးအေးလွင်မြင့်-ဒေါ်နီနီလင်း၊ ဦးစောအောင်လင်း-ဒေါ်မချိုတို့၏အစ်မ ဒေါ်ခင်မာလင်းသည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၄၄ နာရီတွင် ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါ သဖြင့် ၂၇-၁၀-၂၀၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ရွှေ (ယုဇနပလာဇာဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ၊ စဥ့်အိုးတန်းလမ်း ခြင်္သေ့နဂါးအကအဖွဲ့ ဥက္ကဋ္ဌ၊ New Generation Forward Hotel and Golden Cherry Fashion Shop) သည် ၂၂-၁၀-၂၀၂၂ ရက်တွင် ဘဝတစ်ပါး သို့ ပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းပါ ကြောင်း။

**Bago-Yangon Golfers' Group.**

### ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဦးခင်မောင်အေး
### လ/ထ ကထိက(ငြိမ်း)၊ ဗဟိုနိုင်ငံရေးတက္ကသိုလ်
### ထ/ပြ(ငြိမ်း)၊ အ.ထ.က တိုက်ကြီး၊ အ.ထ.က(၂)ဗဟန်း (နန့်ယန်ကျောင်း)
### အသက်(၉၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကွင်းသုံးဆင့်ကျေးရွာအုပ်စု၊ ကြာအင်း ကျေးရွာနေ (ဦးစာ-ဒေါ်စိန်းရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းလမ်းသွယ် (၁)၊ တိုက် (၂၄၂)၊ အခန်း(၈)နေ (ဒေါ်ထွေးစိန်)၏ ခင်ပွန်း၊ ဦးမြလှိုင်-(ဒေါ်သန်းသန်းအေး)၊ (ဒေါ်မြင့်မြင့်စိန်)တို့၏ ဖခင်၊ ဦးဟန်ထွန်းဝင်း-မစုစုမြတ်၊ (မဖြူဖြူလှိုင်)၊ မစန္ဒာလှိုင်၊ (မောင်စည်သူလှိုင်)တို့၏အဘိုးသည် ၂၃-၁၀-၂၀၂၂ (စနေနေ့) နံနက် ၄:၅၀ နာရီတွင် ကြာအင်းကျေးရွာနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ကြာအင်းကျေးရွာ၌ ဂူသွင်းသဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီမြင့်
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီလမ်း၊ အမှတ်(၉၅၆) နေ (ဦးမောင်မောင်လတ်)၏ချစ်လှစွာသောဇနီး၊ (ဒေါ်ခင်မူမူလတ်)၊ ဦးတင်ဦး-ဒေါက်တာ စန်းလဲ့ဝေ၊ ဒေါက်တာမျိုးမင်း @ Richard Latt (ဒုညွှန်မှူး-ငြိမ်း၊ လယ်ဆည်ဝန်ကြီးဌာန)၊ ဒုရဲမှူးကြီး ရဲလင်း(ငြိမ်း)-ဒေါ်လှလှလင်း၊ (ဦးဇော်လင်း)-ဒေါ်ခင်လတ်သူတို့၏မွေးသမိခင်၊ ဒေါ်နွဲ့နွဲ့အေး၏ ညီမ၊ [ဗိုလ်မှူးခင်မောင်(ငြိမ်း)]-ဒေါ်ရင်ရင်လှတို့၏ အစ်မကြီး၊ မြေး ရှစ်ယောက်)၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) ၁၂:၄၅ နာရီတွင် အထက်ပါနေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွား ပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၂၇-၁၀-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)မှ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးတရားတော်နာခြင်းကို ၃၀-၁၀-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း (ကျိုက်ထော်)
**Chief Engineer (CDC-3659)**
### မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း
### အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်ကျေးရွာနေ (ဦးသန်း-ဒေါ်သိန်း)တို့၏သား၊ (ဦးစံရွှေ-ဒေါ်သိန်း)တို့၏သားသမက်၊ ဒေါ်ညွန့်ရွှေ (ဒေါ်စန်းမြ)တို့၏မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပ မြို့နယ်၊ အမှတ်(၂/ခ)၊ ဓမ္မာရာဇာ (၁)လမ်း၊ (၁၀)ရပ်ကွက်နေ ဒေါ်အုန်းခင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်နန္ဒ (C/CK, MTM သင်္ဘောကုမ္ပဏီ)-ဒေါ်ကြေးမုံဝင်းထွန်း၊ ဦးကျော်အောင်(ဦးသန်းအုန်းနှင့် သားများကုမ္ပဏီ)- ဒေါက်တာခင်သန္တာဝင်း(ရက္ခဗေဒဌာန)၊ ဗိုလ်မှူးကြီးကျော်ဇေယျ-ဒေါ်အားမေ၊ ဦးကျော်သိခ် တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ကိုစစ်ပိုင်ထွန်း(Bar Industry)-မအိမြတ်မွန်(အဲလေး)၊ ကိုစိုးမြတ်ကျော်(ခေတ္တ-ဂျပန်)၊ မောင်သန့်ဇင်ထွန်း(2nd MB)၊ မသွန်းဝသန်အောင်(IIP)၊ မကေရီဇေ တို့၏ဘိုးဘိုးကြီး၊ မစစ်ဝတီထွဋ်၊ မမြတ်မဒီထွဋ်တို့၏အဘိုးသည် ၂၅-၁၀-၂၀၂၂ (တနင်္လာနေ့) နံနက် ၂:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၂၇-၁၀-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြား အပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**မူးယစ်ကိုပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေး(ရေတာရှည်)
### အသက်(၈၇)နှစ်

သူငယ်ချင်း ရဲမှူးချုပ်အောင်ငွေးမြင့်၏ မိခင်ဖြစ်သူ ဒေါ်ခင်ထွေး အသက်(၈၇)နှစ်သည် ၂၃-၁၀-၂၀၂၂ ရက် နံနက် ၀၀:၀၄ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ကြောင်း ကြားသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရ ပါသည်။

**သူငယ်ချင်းများ**
**ဦးအောင်မြတ်ဦး၊ ဦးမျိုးဝင်း၊ ဦးခင်မောင်သန်း၊**
**ဦးခမ်းအောင်၊ ဦးကျော်ဆန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အနောက်အရိုးတောင်ကျေးရွာနေ ဦးညီညီထွန်း(ခ) ဦးတင်ငွေး-ဒေါ်မြင့်ကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အကြောင်းကြားသိစေအပ်ပါသည်။ ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်ဖြိုးကိုကို[၁၂/တတန(နိုင်)၂၆၆၀၈၉]ကိုင်ဆောင်သူသည် မိဘတို့၏ ဆိုဆုံးမမှု အား နားမထောင်ဘဲ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်ဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၉၈)**
**အမှတ်(၈၁၇)၊ ဘုရင့်နောင်လမ်း၊ မင်းပိုင်းရပ်ကွက်**
**တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**နေရောင် အောက်က**

**သက်ရှိတွေကို**

**စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို**

**ထိန်းသိမ်းစို့**

## အများသိစေရန် ကြေညာခြင်း

ကျောက်ပန်းတောင်းမြို့၊ ဘူတာရပ်ကွက်ရှိ အရှေ့လားသော်- ဘူတာ လမ်း၊ အနောက်လားသော်- စကြာရှင်ဘုရား တောင်ကုန်းမြေ၊ တောင်လားသော်- ဒေါ်တင်ငွေးဝိုင်းမြေ၊ မြောက်လားသော်- ဦးမြသန်းဝိုင်းမြေ၊ နယ်နိမိတ်လေးရပ် အတွင်းရှိ (အရှေ့ဘက်အလျား- တောင်မြောက် ၂၈ ပေ၊ အနောက်ဘက်အလျား- တောင်မြောက် ၃၂ ပေ ၆ လက်မ၊ ဘေးဘက်အလျား အရှေ့အနောက် ၇၅ ပေ ၆ လက်မ)ကျယ်သော ဝိုင်းမြေနှင့် ထိုဝိုင်းမြေအတွင်းရှိ (၃x၃)ပင်၊ သွပ်မိုး အုတ်ညှပ်ကာ အဆောက်အဦ(၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ၊ စည်ပင်ရေတိုင်နှင့် ဝိုင်းမြေအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်သူ ဦးညိုမောင် [၉/ကပတ(နိုင်) ၀၂၄၀၂၀]+ဒေါ်လှချုပ် [၉/ကပတ(နိုင်) ၀၂၄၀၂၁]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးမောင်မောင်သိန်း [၅/ကလတ(နိုင်) ၀၀၇၇၃၀]မှ ဝယ်ယူမည်ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခု ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုစာမှတ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက် နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးညွန့်ဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၈၇/၂၀၀၆)**
**မြို့ရှေ့ အ.ထ.က အနီး၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊**
**ဖုန်း-၀၉-၂၂၂၀၅၃၆**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ်(၅၈)ပေါ်တွင် ဆောက်လုပ်ထားသည့်(၃)ထပ်ခွဲတိုက်၊ အကျယ်အဝန်း-အလျား(၂၂)ပေxအနံ(၅၅)ပေရှိ မြေပိုင်ဆိုင်မှုပါဝင်သော မြေညီထပ်တိုက်ခန်းအား အရပ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင် လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ရင်မြင့်(ခ) ဒေါ်ယဉ် ယဉ်မြင့်[၁၂/မရက(နိုင်)၀၉၁၀၃၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်လေးဇဗတ်လာအို ရာထန်း [၁၂/မဘန(နိုင်)၁၃၄၄၈၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား(၂၃-၁၀-၂၀၂၂)ရက်တွင် ပေးချေထားပြီးဖြစ်၍ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးချစ်(LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၆၂၇၄** | **စဉ်-၅၀၀၁၆** |

**ဖုန်း-09-778849700, 09-773562082**

**သင့်သွေးဖြင့် အသက်ကယ်ပါ**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အာဆီယံအစည်းအဝေးများတက်ရောက်ရာတွင် မြန်မာနိုင်ငံ၏ ကိုယ်စားပြုမှုကိစ္စနှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် မြန်မာနိုင်ငံတို့အကြား အမြင်မတူမှုများ၊ အာဆီယံပဋိညာဉ်စာတမ်းပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်အချို့အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကွဲလွဲမှုများကို ဖြေရှင်းနိုင်ရန်အတွက် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့် အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲသဘောတူညီချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်

## သတင်းထုတ်ပြန်ချက်

အာဆီယံအစည်းအဝေးများအားလုံးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဆင့်တူ၊ တန်းတူ တက်ရောက်ရန် အာဆီယံပဋိညာဉ်စာတမ်းမှ ပြဋ္ဌာန်းထားသည်ဖြစ်ရာ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည့် (၃၈) ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများနည်းတူ အဆင့်တူ ကိုယ်စားပြုတက်ရောက်ရန် အခွင့်အရေးအပြည့်အဝရှိပါသည်။

သို့သော် အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ကိုယ်စားလှယ် (နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်) တက်ရောက်ရန် လက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်သူ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဖိတ်ကြားလာခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းနှင့် မကိုက်ညီသကဲ့သို့ အာဆီယံ၏ လုပ်ထုံးလုပ်နည်းနှင့် အစဉ်အလာမှလည်း သွေဖည်နေပါသည်။ ထို့အပြင် အစည်းအဝေးတက်မည့် မြန်မာကိုယ်စားလှယ်၏ အဆင့်အတန်းကိုနှိမ့်ပြီး ဖိတ်ကြားခြင်းနှင့် အစည်းအဝေးများ၌ ဆွေးနွေးရာတွင် ကန့်သတ်မှုများထားခြင်းသည် အာဆီယံပဋိညာဉ်စာတမ်း အပိုဒ်-၅ နှင့်လည်း ကိုက်ညီမှုမရှိကြောင်းတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပမည့် (၃၈) ကြိမ်မြောက်နှင့် (၃၉) ကြိမ်မြောက်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✯



လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မန်ယူအသင်း လီဗာပူးအသင်းအား အိမ်ကွင်းတွင် ငါးဂိုးပြတ်ရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ်(၉)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်ကို အောက်တိုဘာ ၂၄ ရက်ညပိုင်းက မန်ယူအသင်းရဲ့ အိမ်ကွင်း အိုးထရက်ဖို့ဒ် မှာ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းက မန်ယူအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းကို ငါးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ခြင်းဟာ မန်ယူအသင်းအတွက် အိမ်ကွင်းအိုးထရက်ဖို့ဒ်မှာ ယခုနှစ် ပရီမီယာလိဂ်ရာသီအတွင်း ပထမဆုံးဂိုးပြတ်ရှုံးပွဲကြုံခဲ့ရတာလည်းဖြစ်ပါတယ်။ ယခုရှုံးပွဲကြောင့် မန်ယူအသင်းနည်းပြဆိုးလ်ရှား၏ အနာဂတ်မှာလည်း မရေမရာဖြစ်လာပါတယ်။

မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ ပွဲစဉ်မှာ

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✪

# အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအကြို မြန်မာအသင်း ယူအေအီးနိုင်ငံ၌ ခြေစမ်းပွဲကစား

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ၌ သွားရောက်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာ ၂၄ ရက် ညပိုင်းက ယူအေအီး ပထမတန်းကလပ် Al Jazeera Al Hamra အသင်းနှင့် ခြေစမ်းပွဲကစားရာ နှစ်ဂိုးစီသရေကျခဲ့သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❖

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၅

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် နောက် ၇၂ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရ အသင်းအားလုံး စုံလင်စွာထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၅

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုပွဲစဉ်များမှာ အောက်တိုဘာ ၂၄ ရက်က ပြီးဆုံးသွားပြီဖြစ်ပြီး နောက်ဆုံးအဆင့်ယှဉ်ပြိုင်ခွင့်ရသည့် အသင်းအားလုံး စုံလင်စွာထွက်ပေါ်လာပြီဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

## လေငန်းရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ရေး နည်းလမ်းကောင်းများ

စာမျက်နှာ » ၁၆




## ကျွန်တော်လွမ်းမိသော ငြိမ်းချမ်းရေးပုံရိပ်များ (ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)

စာမျက်နှာ » ၁၈